# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# (၂၉) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
## (၂၀၁၄ ခုနှစ်၊ မတ်လ ၂၁ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို နေ့လယ် ၁၄း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၄၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၀.၅၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၁-၃-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအား တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၄၀ ဦးရှိပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၈၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၄၂ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၄၀ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၂) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၁ ရက်၊

(၃) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၄) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၅) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၆) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၇) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၁ ရက်၊

(၈) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၉) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၁၀) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၁၁) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၁၂) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၁၃) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊

(၁၄) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၁ ရက်၊

(၁၅) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၁ ရက်၊

(၁၆) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၁၇) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၁၈) မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်၊

(၁၉) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၂၀) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၂၁) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွဋ် ခွင့် ၁ ရက်၊

(၂၂) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁ ရက်၊

(၂၃) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၁ ရက်၊

(၂၄) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၂၅) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၁ ရက်၊

(၂၆) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၂၇) ဗိုလ်မှူးကြီးဌေးနိုင် တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၂၈) ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၂၉) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၃၀) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၁ ရက်၊

(၃၁) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊

(၃၂) အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် ခွင့် ၁ ရက်၊

(၃၃) ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ ခွင့် ၁ ရက်၊

(၃၄) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၃၅) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်၊

(၃၆) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၃၇) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၃၈) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၁ ရက်၊

(၃၉) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၁ ရက်နှင့်

(၄၀) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အုတ်ဖိုမြို့နယ်အတွင်းရှိ အိုးသည်ကုန်းမြို့နှင့် အေးမြသာယာမြို့သစ်တို့ရှိ ရပ်ကွက်များတွင် ကြံ့ခိုင်မှု မရှိသော သစ်သားဓာတ်တိုင်များအား ကွန်ကရစ်ဓာတ်တိုင်များအဖြစ် အစားထိုးပြောင်းလဲတပ်ဆင်ပေး နိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ၊ အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဒုတိယဝန်ကြီးများနှင့် ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ပထမဦးစွာ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နဲ့ပတ်သက်လို့ မေးခွန်းများ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်အတွင်းရှိ အုတ်ဖိုမြို့၊ အိုးသည်ကုန်းမြို့၊ အေးမြသာယာမြို့သစ်တို့တွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ သွယ်တန်းတပ်ဆင်အသုံးပြုလျက်ရှိသော သစ်သားဓာတ်တိုင်များသည် နှစ်ပေါင်း ၅၀ ကျော် အသုံးပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒီသစ်သားဓာတ်တိုင် တွေဟာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ဆွေးမြည့်ယိုင်လဲမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဌာနအနေနဲ့လည်း မြို့နယ်အတွင်းရှိ ဖော်ပြပါမြို့အသီး သီးတို့တွင် စွမ်းအားမြင့်ထရန်စဖော်မာများ၊ ကြိုးများ၊ တိုင်အချို့တို့ကိုသာ ပြုပြင်တပ်ဆင်ပေးနိုင်ခဲ့ပါ တယ်။ သို့ပါသော်လည်း ယခုအခါမှာ ရပ်ကွက်များရှိ သစ်သားဓာတ်တိုင်များဟာ ဟောင်းနွမ်း ဆွေးမြည့်ယိုင်နဲ့နေမှုများကြောင့် လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်စေမှုနဲ့ ဓာတ်အားဆုံးရှုံးမှုများလည်းဖြစ် ပေါ်စေမှာဖြစ်ပါတယ်။ သုံးစွဲနေတဲ့ ပြည်သူများအနေနဲ့ကလည်း တိုင်များကို ကိုယ့်အားကိုယ်ကိုးစနစ်

ဖြင့်တတ်နိုင်သမျှလဲလှယ်အသုံးပြုခဲ့ကြပါတယ်။ သို့ရာတွင် ကွန်ကရစ်ဓာတ်တိုင်များဟာ တန်ဖိုးမြင့်မားတဲ့အတွက် မတတ်နိုင်ဘဲရှိနေကြပါတယ်။

သို့ဖြစ်ပါ၍ အုတ်ဖိုမြို့နယ်အတွင်းရှိ အုတ်ဖိုမြို့၊ အိုးသည်ကုန်းမြို့နှင့် အေးမြသာယာမြို့သစ်တို့ရှိ ရပ်ကွက်များတွင် ကြံ့ခိုင်မှုမရှိတော့တဲ့ သစ်သားဓာတ်တိုင်များအား ကွန်ကရစ်ဓာတ်တိုင်များအဖြစ် အစားထိုးပြောင်းလဲတပ်ဆင်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါ၍ ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လဲချားမြို့နယ်၊ ပုံနေကျေးရွာအုပ်စုနှင့် ဝမ်စဲ့ကျေးရွာအုပ်စု ၂ ခုအတွက် ထရန်စဖော်မာကြီးများ၊ ကွန်ကရစ်ဓာတ်မီးတိုင်များ၊ လျှပ်စစ်မီးကြိုးများနှင့် ဆက်စပ်ပစ္စည်းများကို ကူညီသွယ်တန်းဆောက်လုပ်ပေးနိုင်ပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးစိုင်းမောင်တင်၊ လဲချားမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမောင်တင်(လဲချားမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းမောင်တင် ဖြစ်ပါတယ်။ လဲချားမြို့ပေါ်မှာ ကျိုင်းတောင်းရေအားလျှပ်စစ်ကနေပြီးတော့ ၆၆ ကေဗွီအေ ဓာတ်အားခွဲစက်ရုံရှိပါတယ်။ အဲ့ဒီဓာတ်အားခွဲစက်ရုံနဲ့ပဲ လဲချားမြို့ကို မြို့ပေါ်မှာ မီးရရှိနေပါပြီ။ ကျွန်တော်တင်ပြလိုတာ မေးခွန်းနှစ်ခုဖြစ်ပါတယ်။ (၁) လဲချား-မိုင်းကိုင် ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ လဲချားမြို့နဲ့ ငါးမိုင်ခန့်သာဝေးကွာတဲ့ ပုံနေကျေးရွာအုပ်စု၊ ဝမ်မိုင်ဆုံစံပြ ကျေးရွာဟာ အိမ်ထောင်စု ၁၆၀ နဲ့ လူဦးရေ ၁၀၀၀ နီးပါးခန့် ရှိပါတယ်။ လယ်ယာခြံစိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေပါတယ်။ မေးခွန်းနံပါတ်(၂) နောက်တစ်နေရာက လဲချား-မိုင်းနောင်-မိုင်းရှူး ပြည်ထောင်စုကားလမ်းမကြီးပေါ်မှာရှိတဲ့ လဲချားမြို့နဲ့ နှစ်မိုင်ခန့်သာဝေးကွာတဲ့ နမ့်တိန်းချောင်းရဲ့ အရှေ့ဘက်ကမ်းနဖူးမှာ တည်ရှိတဲ့ ဝမ်စဲ့ကျေးရွာအုပ်စုမှာပါဝင်တဲ့ မတ်လန်းကျေးရွာ၊ ဝမ်ဟိုင်းကျေးရွာနဲ့ ဝမ်မွမ်းကျေးရွာအုပ်စုတို့ဟာ တစ်ဆက်တစ်စပ်တည်းဖြစ်ပြီးတော့ သုံးရွာပေါင်း အိမ်ထောင်စု ၂၅၀ နီးပါးနဲ့ လူဦးရေ ၁၃၃၅ ဦးရှိပါတယ်။ လယ်ယာခြံစိုက်ပျိုးရေးလုပ်ငန်းများအပြင် ဆန်စက်၊ ဆီစက်နဲ့ ဆီထွက်သီးနှံပွဲရုံများလည်းရှိကြပါတယ်။ အဆိုပါကျေးရွာနှစ်ခုအတွက်လိုအပ်သော ထရန်စဖော်မာစက်ကြီးများ၊

ကွန်ကရစ်ခာတ်မီးတိုင်များ၊ လျှပ်စစ်ခာတ်မီးကြိုးများနှင့် ဆက်စပ်ပစ္စည်းများကို ပြည်ထောင်စုအစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကူညီသွယ်တန်းပေးဆောက်လုပ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ လျှပ်စစ်စွမ်းအားရရှိခြင်း အကျိုးကျေးဇူးများကတော့ ရှမ်းပြည်နယ်ရဲ့ အလယ်ဗဟိုမှာကျတဲ့ လဲချား၊ မိုင်းကိုင်၊ ကျေးသီးမြို့နယ်များဟာ အတိတ်သမိုင်းမှာ နိုင်ငံရေးမတည်ငြိမ်ခဲ့မှု၊ တန်းတူညီမျှမှု မရှိခဲ့မှုကြောင့် ခေတ်နောက်ကျခဲ့ပေမယ့် ခုလိုနိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်ရေးကာလမှာ ပြည်သူတို့ရဲ့ လူမှုဘဝကိုမြှင့်တင်ပေးခြင်းအားဖြင့် ငြိမ်းချမ်းရေး၊ အကောင်အထည်ဖော်ဆောင်ရေး ကိုလည်း အားဖြည့်ပေးရာရောက်ပါတယ်။ အဲ့ဒါကြောင့် အဆိုပါကျေးရွာအုပ်စုနှစ်ခုကို လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှ ဆောက်လုပ်ပေးနိုင်မည်ဆိုပါက မည်သည့်ကာလတွင် ဆောက်လုပ်ပေးနိုင်ပါ မည်၊ မဆောက်လုပ်နိုင်ပါက အဘယ်ကြောင့်နည်းဆိုတာကို သိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေ လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက် ကိုပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ တတ်ရောက်လာကြသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ ရန် ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးဖြစ်ပါတယ်။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖို မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး၏ မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာဖြစ် ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ အုတ်ဖိုမြို့နယ်မှာရှိတဲ့ အိုးသည်ကုန်းမြို့ ခာတ်အားပေးစနစ် ကောင်းမွန်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အောက်ဖော်ပြပါလုပ်ငန်းကို ဆောင်ရွက် ပေးမှာဖြစ်ပါတယ်။ ဂုံညင်းတန်းမှာ ၁၁/၀.၄ ကေဗွီ ၁၆၀ ကေဗွီအေထရန်စဖော်မာနှင့် ခာတ်အား ဖြန့်ဖြူးပေးထားတဲ့ ဆွေးမြည့်သစ်သားတိုင် ၁၂ တိုင်ကို ကွန်ကရစ်တိုင်၊ သံလက်တန်းများဖြင့် လဲလှယ် ပေးသွားခြင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ဒုတိယလုပ်ငန်းအနေနဲ့ အိုးသည်ကုန်းမြို့ ၂ လမ်း ၁၅၀

ကေဗွီအေထရန်စဖော်မာဖြန့်ဖြူးပေးထားသော ဆွေးမြည့်သစ်သားတိုင် ၁၅ တိုင်နှင့် ကွန်က ရစ်တိုင်၊ သံလက်တန်းများ လဲလှယ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနအနေနဲ့ နှစ်စဉ်ခွဲဝေရရှိတဲ့ ဘဏ္ဍာငွေအပေါ်မူတည်ပြီးတော့မှ ဝန်ကြီးဌာနပိုင် သစ်သားတိုင်၊ သံတိုင်များကို ကွန်ကရစ်တိုင်များနဲ့ အစားထိုးလဲလှယ်ခဲ့ရာမှာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာတစ်နိုင်ငံလုံးမှာ ကျန်ရှိနေသေးတဲ့ သစ်သားတိုင် ၁၆၂၃၉၃ တိုင်၊ သံတိုင် ၆၉၉၁၄ တိုင် ကျန်ရှိ နေပါသေးတယ်။ ဆွေးမြည့်နေတဲ့သစ်သားတိုင်များ၊ သံတိုင်များကို ကွန်ကရစ်တိုင်များနဲ့ အစားထိုးတဲ့ အခါမှာ လိုအပ်ချက်အရ ကြွေသီးတွေ၊ ကြိုးတွေကိုပါ တစ်ခါတည်း လဲလှယ်ခဲ့ရပါတယ်။ ဒါ့ကြောင့် မို့လို့ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဝန်ကြီးဌာနပိုင် ဆွေးမြည့်နေတဲ့ သစ်သားတိုင်၊ သံတိုင်တွေ အားလုံးကို ကွန်ကရစ်တိုင်အဖြစ် လဲလှယ်လို့ရှိရင် ကြွေသီး၊ လက်တန်း အဲ့ဒီပစ္စည်းတွေအပါအဝင် စုစုပေါင်း တန်ဖိုး ၅၄.၅၈ ဘီလီယံခန့် ကုန်ကျမှာဖြစ်ပါတယ်။

အုတ်ဖိုမြို့နဲ့ အိုးသည်ကုန်းမြို့၊ အေးမြသာယာမြို့များမှာရှိတဲ့ ၁၁ ကေဗွီဓာတ်အားလိုင်းပေါ်မှာ စုစုပေါင်း သစ်သားတိုင် ၁၂ တိုင်၊ သံတိုင် ၉၆ တိုင်နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းတွေပေါ်မှာ သစ်သား တိုင် ၆၆၄ တိုင်နှင့်သံတိုင် ၄၃၉ တိုင်ရှိနေပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်မှ နှစ်စဉ်ရရှိတဲ့ ဘဏ္ဍာငွေခွင့်ပြုချက်ပေါ်မူတည်ပြီး ဆွေးမြည့်နေတဲ့သစ်သားတိုင်များ၊ သံတိုင်များကို ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ပေးပြီးတော့မှ ဆောင်ရွက်ခဲ့ရာမှာ အချိန်တိုအတွင်း၊ နှစ်အနည်းငယ် အတွင်းဆောင်ရွက်ရန် ဘဏ္ဍာငွေအခက်အခဲရှိနေပါသေးတယ်။ ဒါ့ကြောင့်မို့လို့ အိုးသည်ကုန်းမြို့၊ အုတ်ဖိုမြို့၊ အေးမြသာယာမြို့များမှာရှိတဲ့ ဆွေးမြည့်သစ်သားတိုင်၊ သံတိုင်များကို ကွန်ကရစ်တိုင် များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို လာမယ့်နှစ်တွေမှာလည်း နှစ်အလိုက်ရရှိမယ့် ဘဏ္ဍာငွေ ထိန်းသိမ်းပြုပြင်မှုရန်ပုံငွေအပေါ်မှာမူတည်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း တင်ပြဖြေကြား အပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး လဲချားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်တင်၏မေးခွန်း ကို ကျွန်တော်မှ ရှင်းလင်းတင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချား မြို့နယ်၊ ပုံနေကျေးရွာအုပ်စုနှင့် တိန်းချောင်း အရှေ့ဘက်ကမ်းနဖူးပေါ်မှာတည်ရှိတဲ့ ဝမ့်စဲ့ကျေးရွာ အုပ်စုနှစ်စု ဓာတ်အားရရှိရေးအတွက် အောက်ဖော်ပြပါနည်းလမ်းနဲ့ ဓာတ်အားဆက်သွယ်ပေးနိုင်ပါ တယ်။ ပုံနေကျေးရွာအုပ်စု၊ ဝမ်မိုင်ဆိုစံပြကျေးရွာ ဓာတ်အားရရှိဖို့အတွက် ၆၆/၁၁ ကေဗွီအေ ၅ အမ်ဗွီအေ လဲချားခွဲရုံမှဓာတ်အားပေးထားတဲ့ လဲချားဖီဒါပေါ်ကနေပြီးတော့မှ ဆက်သွယ်ရယူပြီး ၁၁

ကေဗွီလိုင်း ၃.၅ မိုင် တည်ဆောက်ပြီးတော့မှ ကျေးရွာမှာ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း နှစ်မိုင်တည်ဆောက်ရပါမယ်။ တစ်ခါ တိန်းချောင်းအရှေ့ဘက်ကမ်းနဖူးပေါ်မှာတည်ရှိတဲ့ မတ်လန်းကျေးရွာဓာတ်အားရရှိဖို့အတွက် လဲချား ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားတဲ့ ၁၁ ကေဗွီ လဲချားဖီဒါပေါ်မှ ဆက်သွယ်ပြီး ၁၁ ကေဗွီလိုင်း ၂ မိုင်၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၄၀၀ ဗို့ လိုင်း ၂ မိုင် တည်ဆောက်ခြင်း၊ ဝမ်ဟိုင်းကျေးရွာမှာလည်းပဲ ၁၁.၄ ထရန်စဖော်မာတစ်လုံးတည်ဆောက်ခြင်း၊ ဝမ်မွမ်းကျေးရွာအတွက်လည်း ၁၁ ကေဗွီလိုင်း ၆ မိုင်နဲ့ ၅၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၄၀၀ ဗို့ လိုင်း ၀.၇ မိုင်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ နှစ်စဥ်ဖွံ့ဖြိုးတိုးတက်သော လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တစ်နိုင်ငံလုံးမှာရှိတဲ့ ဓာတ်အားသုံးစွဲသူများကို စဥ်ဆက်မပြတ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့အတွက် ဓာတ်အားထုတ်လုပ်ပေးမယ့် ဓာတ်အားပေးစက်ရုံကြီးတွေ၊ ပင်မဓာတ်အားခွဲရုံကြီးတွေ၊ ဓာတ်အားသယ်ပို့မယ့် မဟာဓာတ်အားလိုင်းများတွေ၊ ဓာတ်အားဖြန့်ဖြူးမယ့်လိုင်းတွေ၊ ဓာတ်အားဖြန့်ဖြူးမယ့် ဓာတ်အားခွဲရုံကြီးတွေကို တိုးချဲ့တည်ဆောက်ပြီးတော့မှ မြို့ကြီးများမှတစ်ဆင့် မြို့ငယ်များ၊ ပြီးတော့မှ ကျေးရွာများကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ဓာတ်အားစနစ်တည်ငြိမ်ဖို့၊ ဗို့အားအပြည့်အဝဖြန့်ဖြူးပေးနိုင်ဖို့နှင့် လျှပ်စစ်အန္တရာယ်ကကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးအတွက် တည်ဆောက်တဲ့ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို အဆင့်မြှင့်ပြုပြင်ခြင်း၊ ဟောင်းနွမ်းဆွေးမြည့် သစ်သားတိုင်များ၊ သံတိုင်များကို ကွန်ကရစ်တိုင်များနဲ့ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းတွေ၊ အဆင့်မီလိုင်းကြိုးများဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်လိုတဲ့အတွက် နိုင်ငံတော်မှ ခွင့်ပြုပေးတဲ့ ရန်ပုံငွေပေါ်မူတည်ပြီးတော့ နှစ်စဥ်အပိုင်းလိုက် အစီအမံနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့ကြောင့်မို့လို့ အထက်ဖော်ပြပါလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေချိန်မှာ နှစ်စဥ်ခွင့်ပြုရရှိတဲ့ ရန်ပုံငွေပမာဏဟာ အကန့်အသတ်ရှိတဲ့အတွက် နိုင်ငံတော်အတွင်းမှာ ဓာတ်အား သုံးစွဲခွင့်မရရှိသေးတဲ့ ကျေးရွာပေါင်း ၄၂၀၀၀ ခန့်ကို ဓာတ်အားရရှိရေး ဆောင်ရွက်ပေးရန်လိုအပ် ပါတယ်။ ဒါ့အပြင် အချို့သောကျေးရွာများကတော့ ဆောလျှင်စွာဓာတ်အား အသုံးပြုလိုသဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီတွေဖွဲ့စည်းပြီးတော့မှ ဆောင်ရွက်လိုကြောင်း တင်ပြတဲ့အတွက် ခွင့်ပြုကူညီဆောင်ရွက်ပေးလျက်လည်းရှိပါတယ်။

ယခုကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့မေးခွန်းရရှိရေးအတွက် ဝန်ကြီးဌာနအနေနဲ့ နှစ်အနည်း ငယ်အချိန်တိုအတွင်းမှာ ကျေးရွာအားလုံးကို ဓာတ်အားလိုင်းများသွယ်တန်းပေးရန် နှစ်စဉ်ခွင့်ပြုချက် ရရှိတဲ့ရန်ပုံငွေပမာဏနဲ့ လုံလောက်မှုမရှိတဲ့အတွက် ဒီနှစ်မဆောင်ရွက်ပေးနိုင်ပါကြောင်းနှင့် နောင် လာမည့်နှစ်များမှာတော့ ထည့်သွင်းလျာထား စီစဉ်ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း နိုင်ငံတော်ရဲ့ ရန်ပုံငွေခွင့်ပြုနိုင်မှုအရ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

## အမျိုးသားပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား ပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ (၂၀-၃-၂၀၁၄) ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်း ခြင်းများပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက် အလက်များကို တိကျစွာရေးသားဖော်ပြ၍ ဒီနေ့ ၂၁-၃-၂၀၁၄ ရက် ၁၀း၀၀ နာရီအချိန် နောက်ဆုံး ထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်း မှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါမှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက ဥပဒေကြမ်းကော်မတီရဲ့ စိစစ်အတည်ပြုပြီး သည့်ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိ သောအပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ကိုယ်စားလှယ် ခုနစ်ဦးတို့က သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က လိုအပ်ပါက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒ သဘောထားရယူဆုံးဖြတ်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချိန်ရဲ့အခက်အခဲအကြပ်အတည်းများကြားမှ ပြည်သူ့ ကိုယ်စားလှယ်များပီပီ စေတနာထားကြိုးစားဆောင်ရွက်ပေးကြတဲ့အတွက် နိုင်ငံတော်နှင့် နိုင်ငံသား အားလုံးအတွက် အကျိုးစီးပွားဖြစ်ထွန်းစေနိုင်တဲ့ ပညာရေးဆိုင်ရာဥပဒေကြမ်းဖြစ်လာတော့မှာဖြစ်ပါ

တယ်။ တစ်ဖက်က လွှတ်တော်ကိုယ်စားလှယ်များကလည်း ဥပဒေကြမ်းအပေါ် အကြိတ်အနယ် ဆွေးနွေးနေရသလို၊ တခြားတစ်ဖက်ကလည်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အတွင်းမှာ စောင့်ဆိုင်းပြီး တင်ပြလာတဲ့ အဆိုပြုချက်များကို အဆုံးအဖြတ်ပေးဖို့ စောင့်ဆိုင်းနေတာဖြစ်ပါတယ်။ ယခုအချိန်မှာတော့ ဒီလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ (ယ)အရ အမျိုးသားပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံစိစစ်ပြင်ဆင်ချက် ၉ ချက်အား ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီဝင် တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အမျိုးသားပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(က)အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ လွှတ်တော်မှာ ဇယားကို နှစ်ကြိမ် ဖြန့်ဝေထားတာဖြစ်ပါတယ်။ ပထမဇယားကတော့ စာမျက်နှာ ၁ မှ စာမျက်နှာ ၆ အထိဖြစ်ပြီး ဒုတိယဖြန့်ဝေတဲ့ဇယားကတော့ စာမျက်နှာ ၇ မှ စာမျက်နှာ ၁၀ ထိဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ဆုံးဖြတ်မယ့်စာမျက်နှာများကတော့ စာမျက်နှာ ၁ မှ စာမျက်နှာ ၁၀ အထိဖြစ်ပါကြောင်း ဦးစွာတင်ပြပါတယ်။ အမှားပြင်ဆင်ချက်အနေဖြင့် ကျွန်တော်တို့ ဖြန့်ဝေထားတဲ့ စာမျက်နှာ ၁၀ အမှတ်စဉ် ၁၉ မှာ ပြန်လည်ပြင်ဆင်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ စာမျက်နှာ ၁၀ အမှတ်စဉ် ၁၉ ပြင်ဆင်ရန်တင်ပြသူနေရာမှာ ဥပဒေကြမ်းကော်မတီလို့ တင်ပြထားတဲ့ အတွက် ဥပဒေကြမ်းကော်မတီရဲ့နေရာမှာ ဒေါ်စုစုလွင်၊ သုံးခွမဲဆန္ဒနယ်လို့ ပြင်ဆင်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပညာရေးဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အမျိုးသားပညာရေးဥပဒေကြမ်းနှစ်ခုနှင့်စပ်လျဉ်းပြီး ၂၀-၃-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်သွင်းခဲ့ပါတယ်။ ပြင်ဆင်ချက်

အဆိုတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်းကို ၂၁-၃-၂၀၁၄ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီး အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးတို့မှ ပြင်ဆင်ချက်အဆိုများတင်သွင်းခဲ့ပါတယ်-

ဦးသိန်းညွန့် သဃ်န်းကျွန်းမဲဆန္ဒနယ်၊ ဒေါ်နန်းစေအွာ ဘားအံမဲဆန္ဒနယ်၊ ဦးမန်းဂျော်နီ မြောင်းမြမဲဆန္ဒနယ်၊ ဦးကျော်မင်း လက်ပံတန်းမဲဆန္ဒနယ်၊ ဒေါ်စုစုလွင် သုံးခွဲမဲဆန္ဒနယ်၊ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ပုဗ္ဗသီရိမဲဆန္ဒနယ်၊ ဦးအောင်သိန်းလင်း တောင်ဥက္ကလာပမဲဆန္ဒနယ်၊ ဦးခိုင်မောင်ရည် အလုံမဲဆန္ဒနယ်၊ ဦးခမိုင်မုံကွမ်(ခ)ဦးဒူဝါခမိုင်တန် ဆွမ်ပရာဘွမ်မဲဆန္ဒနယ်၊ ဦးအောင်ဇင် ပုဇွန်တောင်မဲဆန္ဒနယ်၊ ဒေါ်တင်နွယ်ဦး ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်၊ ဦးသောင်းဟန် ယင်းမာပင်မဲဆန္ဒနယ်၊ ဦးတင်မောင်ဦး ရွှေပြည်သာမဲဆန္ဒနယ်တို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၁-၃-၂၀၁၄ ရက်နေ့မှာ ပညာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပူးပေါင်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ရန်တင်ပြချက်မှာ ၈ ချက်ဖြစ်ပြီး အဲဒီပုဒ်မများကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

စာမျက်နှာ ၁ နှင့် စာမျက်နှာ ၂ မှာပါတဲ့ အမှတ်စဉ် ၁ ပုဒ်မ ၄ ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(စ)အထိ၊ စာမျက်နှာ ၂ မှ စာမျက်နှာ ၅ အထိပါရှိတဲ့ အမှတ်စဉ် ၂ ပုဒ်မ ၅ ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(ဌ)အထိ၊ စာမျက်နှာ ၅ အမှတ်စဉ် ၃ မှာပါရှိတဲ့ ပုဒ်မ ၇ ပုဒ်မခွဲ(ဇ)နှင့် ပုဒ်မခွဲ(ဈ)၊ စာမျက်နှာ ၅ နှင့် စာမျက်နှာ ၆ မှာပါရှိတဲ့ အမှတ်စဉ် ၄ ပုဒ်မ ၂၂ ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(ဃ)အထိ၊ စာမျက်နှာ ၆ အမှတ်စဉ် ၅ ဖြစ်တဲ့ ပုဒ်မ ၃၃၊ စာမျက်နှာ ၆ အမှတ်စဉ် ၆ ပုဒ်မ ၃၉ ပုဒ်မခွဲ(ဈ)၊ စာမျက်နှာ ၆ အမှတ်စဉ် ၇ ပုဒ်မ ၆၀၊ စာမျက်နှာ ၉ အမှတ်စဉ် ၁၇ အခန်းခေါင်းစဉ်နှင့် ပုဒ်မ ၁၁ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၈ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီအနေနဲ့ ထပ်မံပြင်ဆင်ချက်အဆို တင်ပြတဲ့နေရာမှာ ကန့်လန့်ဖြတ်ဇယားအလိုက်၊ အခန်းအလိုက် မိမိတို့ ထပ်မံပြင်ဆင်ချက်ကိုပဲ ဖတ်ကြားတင်သွင်းစေလိုပါတယ်။ ဒါကြောင့်မို့လို့ ခပ်မြန်မြန်လေးနဲ့ တင်ပြပေးပါ။ ဒါမှ အားလုံးသဘောပေါက်မယ့်သဘောရှိပါတယ်။ ထပ်မံပြီး ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ချက် စာတိုင်အောက်မှာရှိတဲ့ အပိုင်းတွေကို ဖတ်ကြားရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ စာမျက်နှာ ၁ အမှတ်စဉ် ၁ အခန်း(၂) ပညာရေးရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တွေးတောကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်၊ (ခ) ပြည်သူ့နီတိနှင့် ဒီမိုကရေစီကျင့်စဉ်များဖြင့် ဥပဒေကိုလေးစားလိုက်နာသော နိုင်ငံသားများဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊ (ဂ) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သဘာဝပတ်ဝန်းကျင်တွေကို တန်ဖိုးထားပြီး ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်လာစေရန်၊ (ဃ) အသိပညာအခြေပြု စီးပွားရေးဖွံ့ဖြိုးမှုအတွက် လိုအပ်သော လူသားအရင်းအမြစ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊ (င) နိုင်ငံတကာအဆင့်မီပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများဖန်တီးပေးရန်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများ၏ အရည်အသွေးမြင့်မားလာစေရန်၊ (စ) ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာတတ်မြောက်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊ အမှတ်စဉ် ၂ အခန်း(၃) ပညာရေးဆိုင်ရာ အခြေခံမူများ၊ ပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်။ (က) ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုတို့အတွက် နိုင်ငံသားတိုင်း။

**ဥက္ကဋ္ဌ**။ ။ ခဏရပ်ပါ။ အခု ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်တဲ့ အခန်းနှင့် ပညာရေးရည်မှန်းချက်များဟာ မနေ့က တင်ပြထားတဲ့ အခန်း(၂) ပညာရေးရည်မှန်းချက် စုစုပေါင်း ၁၀ ချက်ကို ၆ ချက်နဲ့ ရေးသားတင်ပြထားတာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ကန့်ကွက်ရန်ရှိပါသလား။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြဖို့မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီဆက်လက်တင်ပြပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၂ အခန်း(၃) ပုဒ်မ ၅ ဖြစ်ပါတယ်။ မူလပုဒ်မမှာ (က)မှ (ထ)အထိရှိပြီးတော့မှ ပြန်လည်အရေးအသားကျစ်လျစ်စေရန်အတွက် (က)မှ (ဋ) အထိပြင်ဆင်ထားတာဖြစ်ပါတယ်။

ပညာရေးဆိုင်ရာအခြေခံမူများ၊ ပညာရေးဆိုင်ရာအခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်။ (က) ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုတို့အတွက် နိုင်ငံသားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်တာဝန်ရှိခြင်း၊ (ခ) ကိုယ်ပိုင်ကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်း၊ (ဂ) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူနိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်ဖြင့် ပညာရေးအထူးဝန်ဆောင်မှု အစီအစဉ်ထားရှိခြင်း၊ (ဃ) နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရှိသည်။ ဘဝတစ်လျှောက်စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများဖန်တီးပေးခြင်း၊ (င) နိုင်ငံတကာပညာရေးအဆင့်ရှိစေရေးအတွက် ခေတ်မီနည်းပညာများကို အသုံးပြုဆောင်ရွက်ခြင်း၊ (စ) လူမှုစီးပွားဘဝတွင် လက်တွေ့အသုံးချနိုင်သည့် ပညာရေးဖြစ်စေခြင်း၊ (ဆ) တက္ကသိုလ်နှင့် ကောလိပ်များသည် လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ဖြင့် ရပ်တည်ခြင်း၊ (ဇ) သင်ယူလိုသူ၏ အရည်အချင်းနှင့်ဆန္ဒကို အခြေခံပြီး ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကိုကျင့်သုံးခြင်း၊ (ဈ) ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများ၏ လွှမ်းမိုးမှုများမှကင်းလွတ်ခြင်း၊ (ည) အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ခြင်း၊ (ဋ) ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်သွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ် အသိပညာရှင်၊ အတတ်

ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာကျွမ်းကျင်သူများကို အဆင့်အလိုက် မွေးထုတ်ခြင်း၊ (ဌ) ပညာရေးအဆင့်တိုင်းနှင့် ပညာရပ်နယ်ပယ်အသီးသီးတွင် ပညာရေးအဆင့်အတန်း သတ်မှတ်ပြီး အရည်အသွေးအာမခံမှုရှိသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ (ဈ)မှာ ကျွန်တော်တို့ ပြင်ဆင်တဲ့စကားလုံးလေးကို ပြန်ပြင်လိုပါတယ်။ ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းများ၏ လွှမ်းမိုးမှုဆိုတဲ့အစား စွက်ဖက်မှုများလို့။ ဒါကြောင့် အခုတင်ပြခဲ့တဲ့ အခန်း(၃) ပုဒ်မ ၅ အား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စု ပညာရေးဝန်ကြီးဌာနမှ ပြင်ဆင်ချက်အဆိုအား ကန့်ကွက်ရန်ရှိပါသလား။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှ ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်မှ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃ ကို ဆက်လက်တင်ပြပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅ အမှတ်စဉ် ၃ အခန်း(၄) ပုဒ်မ ၇ ပြင်ဆင်တင်ပြချက်မှာ (ဇ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြုစုတင်ပြသော ပညာရေးဆိုင်ရာ ရေတို၊ ရေရှည်စီမံကိန်းများနှင့်စပ်လျဉ်း၍ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ပုဒ်မခွဲ(ဈ)အား ပယ်ဖျက်ခြင်းကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ကန့်ကွက်ရန်ရှိပါသလား။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှ ထပ်မံပြင်ဆင်ချက်အား ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ထပ်မံပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄ ကို ဥပဒေကြမ်းကော်မတီမှ ဆက်လက်တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ စာမျက်နှာ ၅ အမှတ်စဉ် ၄ အခန်း(၅) ပုဒ်မ ၂၂၊ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ နည်းပညာနှင့် သက်မွေးပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်သည်။ (က) မူလတန်းအဆင့်အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော အခြေခံအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊ (ခ) အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်ပြီးသူများ တက်ရောက်နိုင်သော အလယ်တန်းအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊ (ဂ) အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးမြောက်ပြီးသူများ တက်ရောက်နိုင်သော ဘွဲ့ကြိုဒီပလိုမာအဆင့် နည်းပညာနှင့် သက်မွေးပညာရေး၊ (ဃ) ပညာအရည်အချင်း၊ ကျား/မ၊ အသက်အရွယ်တို့ကို မကန့်သတ်ပဲ ကျွမ်းကျင်မှုကို တိုးမြှင့်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ အစိုးရ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများက ဖွင့်လှစ်သော ကျောင်းပြင်ပနည်းပညာနှင့် သက်မွေးပညာရေးတို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက် ပုဒ်မ ၂၂ အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စု ပညာရေးဝန်ကြီးဌာနက ကန့်ကွက်ရန်ရှိပါသလား။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဥပဒေကြမ်းရဲ့ ထပ်မံပြင်ဆင်ချက်အား ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅ ကို ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၅ ပုဒ်မ ၃၁၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်မှာ အခြေခံပညာအထက်တန်းအဆင့် ပညာရေး။

**ဥက္ကဋ္ဌ**။ ။ ပုဒ်မ ၃၃။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပုဒ်မ ၃၃ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်မှာ အခြေခံပညာအထက်တန်းအဆင့် ပညာရေး နည်းပညာနှင့် အသက်မွေးပညာရေး၊ ဆရာအတတ်ပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်သွယ်

ကူးပြောင်းသင်ယူနိုင်သည့် အစီအစဉ်ရှိရမည်ဆိုသည့်စကားရပ်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုပညာရေးဝန်ကြီးဌာနက ကန့်ကွက်ရန်ရှိပါသလား။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အား ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၆ ပုဒ်မ ၃၉ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာ (ဈ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့်ကျောင်းများဟု ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အား ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၇ အခန်း(၁၀) ပုဒ်မ ၆၀ အား ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်မှာ ပညာရေးအဆင့်တိုင်းတွင် ပညာအရည်အသွေးနဲ့ အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်သည့် ပညာအရည်အသွေး အာမခံမှုအစီအစဉ် တစ်ရပ်ရှိရမည်။ အတွင်းအရည်အသွေးစစ်ဆေးမှုလုပ်ငန်းစဉ်နှင့် ပြင်ပအရည်အသွေးစစ်ဆေးမှု လုပ်ငန်းစဉ်ဟူ၍ လုပ်ငန်းစဉ် နှစ်ရပ်ပါဝင်ရမည်။ အရည်အသွေးခိုင်မာမှုအတွက် ကောင်စီက

သတ်မှတ်သော စံချိန်စံညွှန်းနှင့် နည်းလမ်းများနှင့်အညီဖြစ်စေရမည်ဆိုသော တင်ပြချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနက သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အား ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၇ အမှတ်စဉ် ၈ ဦးသိန်းညွန့် ပြင်ဆင်အဆိုပြုချက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒီပြင်ဆင်မှုတင်ရတဲ့ ကျိုးကြောင်းဖော်ပြ ချက်ကတော့ (၁)က အခု အမျိုးသားပညာရေးဥပဒေဆိုတာ နောင်ပညာရေးဥပဒေအားလုံးရဲ့ ပင်မ ရေစီးဥပဒေဖြစ်ပါတယ်။ ဒါကြောင့် ဒီပင်မရေစီးဥပဒေကိုဆောင်ရွက်တဲ့နေရာမှာ အခုတင်ပြထားချက် အရ မူဝါဒချမှတ်တဲ့ နိုင်ငံတော်အစိုးရဘက်ကရော၊ သင်ကြားမယ့် ဆရာ ဆရာမတွေဘက်ကရော ကျန်တဲ့ပညာရေးနဲ့ ဆက်စပ်တဲ့ အခန်းကဏ္ဍတွေတော်တော်ပြည့်စုံပါတယ်။ သို့သော် အမျိုးသားပညာ ရေးစနစ်ကို အကောင်အထည်ဖော်တဲ့အခါမှာ ဒီပညာရေးမှာစမ်းသပ်အသုံးခံရမယ့် ကျောင်းသား ကျောင်းသူတွေရဲ့အခန်းကဏ္ဍပါဖို့လိုပါတယ်။ အဲ့တော့ ကျောင်းသားကျောင်းသူတွေရဲ့အခန်းကဏ္ဍ ပါမှသာလျှင် အမျိုးသားပညာရေးက ပြီးပြည့်စုံတယ်လို့ ယူဆပါတယ်။ လေးစားရသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပညာရေးနှင့်ပတ်သက်ရင် ကျွန်တော်တို့ မြန်မာနိုင်ငံသမိုင်း မှာကျောင်းသားများက စခဲ့တာပါ။ အဲ့ဒီတော့ သမိုင်းကြောင်းအရပြောရင်လည်း ကျောင်းသား ကျောင်းသူတွေပါဝင်ခဲ့တဲ့ ကျောင်းသားသမဂ္ဂများဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးဆင် နွှဲခဲ့ပြီးတော့ နိုင်ငံ့လွတ်လပ်ရေးကိုရယူခဲ့တဲ့ တပ်ဦးအင်အားစုဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ သမိုင်းနဲ့ပြောရင်လည်း တပ်မတော်ကြီးကိုတည်ထောင်ခဲ့တဲ့ ရဲဘော်သုံးကျိပ်မှာ ကျွန်တော်တို့ အမျိုး သားခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဒါလည်းကျောင်းသားခေါင်းဆောင် ပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ လက်တွဲခဲ့တဲ့ သခင်လှဖေ(ဗိုလ်လက်ျာ) ဒါလည်းကျောင်းသား

ခေါင်းဆောင်ပါပဲ။ အဲ့ဒီလိုပဲ ဦးထွန်းရှိန်၊ ဗိုလ်ရန်နိုင် ဒါတွေလည်း ကျောင်းသားခေါင်းဆောင်တွေပါပဲ။ ကျောင်းသား ခေါင်းဆောင်များကို ဘယ်ကမွေးထုတ်လိုက်လဲဆိုရင် ကျောင်းသားသမဂ္ဂက မွေးထုတ်လိုက်ပါတယ်။ ဒါကြောင့် ကျောင်းသားသမဂ္ဂရဲ့အခန်းကဏ္ဍကို အမျိုးသားပညာရေးမှာ ကျွန်တော်တို့ နေရာပေးဖို့လိုပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခါ ဒီဥပဒေကိုကြည့်တဲ့အခါမှာ ဥပဒေပုဒ်မ ၃ မှာ ကျောင်းအကျိုးဆောင်အဖွဲ့သည်ပင်လျှင် ကျွန်တော်တို့ ထည့်သွင်းပြဋ္ဌာန်းထားတာရှိပါတယ်။ အဲ့ဒီတော့ ကျောင်းအကျိုးဆောင်အဖွဲ့ကို ထည့်သွင်းပြဋ္ဌာန်းထားရင် ဒီပင်မရေစီးဥပဒေက ပေါ်ပေါက်လာမယ့် နောင်သီးခြားဖွဲ့စည်းမယ့် တက္ကသိုလ်၊ ကောလိပ်တွေမှာ အဆင့်မြင့်ကျောင်းတွေမှာ၊ အဆင့်မြင့်ပညာရေးမှာ ကျောင်းသားသမဂ္ဂတွေရဲ့အခန်းကဏ္ဍကို ကျွန်တော်တို့က တရားဝင်အသိအမှတ်ပြုပြီး ဖော်ထုတ်ပေးဖို့ဆိုရင် အမျိုးသားပညာရေးဥပဒေကြမ်းရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ထည့်ဖို့လိုပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ပါလီမန်ဒီမိုကရေစီခေတ်က ပေါ်ပေါက်ခဲ့တဲ့ ဒီပညာရေးစနစ်တွေကိုလေ့လာတဲ့အခါမှာ ကျွန်တော်တို့ ဒီကျောင်းသားသမဂ္ဂများရဲ့ အခန်းကဏ္ဍကို ၁၉၅၇ မန္တလေးတက္ကသိုလ်အက်ဥပဒေမှာဆိုရင် ကျောင်းသားသမဂ္ဂအမှုဆောင်အဖွဲ့က ရွေးချယ်ပေးလိုက်တဲ့ ဒီလက်ရှိကျောင်းသားမဟုတ်တဲ့ပုဂ္ဂိုလ်များကို ဒီကောင်စီတွေမှာတောင် ထည့်သွင်းပြီးတော့ နေရာပေးပြီးတော့ ဒီကျောင်းသားသမဂ္ဂရဲ့အခန်းကဏ္ဍကို ဖော်ထုတ်ခဲ့ပါတယ်။ နောက် ကျွန်တော် မှတ်မိသလောက် ၁၉၅၈ ခုနှစ် နိုင်ငံတော်အစိုးရပေါ့။ ဟိုတုန်းက ဝန်ကြီးချုပ်ဦးနုကကြီးမှူးပြီး ကျင်းပပေးခဲ့တဲ့ အစိုးရတက္ကသိုလ်က ဆရာဆရာမများ ဒီတက္ကသိုလ်၊ ကောလိပ်ကျောင်းသူ ကျောင်းသားများရဲ့ ကိုယ်စားလှယ်အားလုံးပါတဲ့ ပညာရေးနှီးနှောဖလှယ်ပွဲကြီးပေါ့။ ဒါလည်း အမျိုးသားပညာရေးကို သွားဖို့ဖော်ထုတ်တဲ့ပွဲပါ။ အဲ့ဒီ ပညာရေးနှီးနှောဖလှယ်ပွဲမှာလည်း ကျောင်းသားသမဂ္ဂရဲ့အခန်းကဏ္ဍကို အခန်းတစ်ခန်းအနေနဲ့ အစဉ်အလာ တက္ကသိုလ်အတွင်း ဒီမိုကရေစီအလေ့အကျင့်ရပြီးတော့ နောင်တစ်ခေတ် တိုင်းပြည်ကို ခေါင်းဆောင်နိုင်မယ့် ခေါင်းဆောင်လောင်းတွေမွေးထုတ်ဖို့အတွက် ဒီကျောင်းသားသမဂ္ဂရဲ့ အခန်းကဏ္ဍကို အဲ့ဒီပညာရေးနှီးနှောဖလှယ်ပွဲမှာ အသိအမှတ်ပြုခဲ့ပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတော့ ကျွန်တော်တို့သမိုင်းမှာ ကျောင်းသားသမဂ္ဂ အခန်းကဏ္ဍနဲ့ပတ်သက်ပြီး နှစ်ပေါင်းများစွာ ရာစုထက်ဝက်နီးပါးလောက် ကင်းကွာခဲ့တဲ့အတွက် ဒီအခန်းကဏ္ဍရဲ့အရေးပါမှုကို အခု ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်သတိရဖို့အတွက် ကျွန်တော် ဒီဟာကို တင်ပြရခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော် ဒီမှာ

အဓိကတင်ပြချင်တာက ဒီပညာရေးစနစ်မှာ ဒီမိုကရေစီအလေ့အကျင့်တွေ ရစေချင်တယ်။ နောင် ကျွန်တော်တို့တိုင်းပြည်မှာ ဒီမိုကရေစီအလေ့အကျင့်ကို သယ်ဆောင်နိုင်မယ့် ခေါင်းဆောင်တွေမွေး ထုတ်ဖို့ဆိုရင် အမျိုးသားပညာရေးမူဝါဒထဲမှာကို ကျောင်းသားသမဂ္ဂရဲ့ အခန်းကဏ္ဍကိုဖော်ထုတ် ပြီးတော့ ကျွန်တော်တို့ ဖွဲ့စည်းထားဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်က ပုဒ်မ ၃ နောက်မှာ ကျောင်းအကျိုးဆောင်အဖွဲ့ကိုတောင် အမျိုးသားပညာရေးမှာ နေရာပေးလာပြီဆိုရင် ကျောင်းသား သမဂ္ဂတွေရဲ့အခန်းကဏ္ဍကို ထည့်သွင်းသင့်တယ်ဆိုတဲ့အတွက် ဒီပုဒ်မ ၃ ရဲ့နောက်ဆုံးမှာ ကျောင်းသား သမဂ္ဂဆိုသည်မှာ အဆင့်မြင့်ပညာရေးအဆင့်ရှိသောကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များ၌ ဒီမိုကရေစီ အလေ့အကျင့်များ လက်တွေ့ကျင့်သုံးနိုင်ရန် ဖွဲ့စည်းထားသည်ဆိုတဲ့ အဖွဲ့အများကိုဆိုလိုတယ်ဆိုတဲ့ ပြင်ဆင်ချက်ကို ဒီလွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ဖို့ ကျွန်တော့်ပြင်ဆင်ချက်အဆိုကို လေးလေး စားစား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကြီးကို လေးစားစွာ ကျွန်တော် အစီရင်ခံတင်ပြပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုပညာရေးဝန်ကြီးဌာနမှ သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီပြင်ဆင်ရန် တင်ပြချက်နဲ့စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ သဘောထားကို တင်ပြရမယ်ဆိုရင်တော့ ကျွန်တော်တို့ဟာ ဒီမူကြမ်းကို ရေးဆွဲစဉ်ကာလ ကပင် အသေအချာ ကျွန်တော်တို့ ဒေသန္တရအဆင့်၊ အမျိုးသားအဆင့်၊ ဗဟိုအဆင့်များ ဆောင်ရွက်ပြီး ရေးဆွဲထားပြီးဖြစ်တဲ့အတွက် မူရင်းကိုပဲကြိုက်ပါကြောင်း အချိန်ကိုင့်ကွက်သောအားဖြင့် တင်ပြအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဦးသိန်းညွန့် တင်သွင်းတဲ့ ကျောင်းသားသမဂ္ဂဖွဲ့စည်းရေးအဆိုဟာ ဒီဥပဒေနဲ့ အမျိုးသား ပညာရေးဥပဒေနဲ့တော့ အခြေခံအားဖြင့်တော့ မဆိုင်ပါဘူးခင်ဗျား။ တက္ကသိုလ်ဆိုင်ရာဥပဒေများ ပေါ်ထွက်လာတဲ့အချိန်ကျရင်တော့ ထည့်သွင်းသင့်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်။

21-3-2014(record)

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစောတုန်းက ကျွန်တော် တင်ပြခဲ့သလို ပင်မရေစီးဥပဒေမှာ ထည့်ထားမှသာလျှင် နောင်ရေးဆွဲမယ့်တက္ကသိုလ်ဥပဒေမှာလည်း ထည့်ရပါမယ်။ အခု ကျွန်တော် ဒီမှာတင်ပြတာက အဓိပ္ပာယ်သက်ရောက်မှုမှာ ကျောင်းအကျိုးဆောင် အဖွဲ့ကိုတောင် ထည့်ထားတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းမှာ ကျောင်းသားသမဂ္ဂဆိုတဲ့ အဖွဲ့ အစည်းရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထည့်သင့်ပါတယ်ဆိုတာ အလေးအနက်တင်ပြရင်း လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို နာခံပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီ ထပ်မံပြောစရာရှိပါသလား။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူပါ့မယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ ကျောင်းသားသမဂ္ဂဆိုသည်မှာ အဆင့်မြင့်ပညာရေးအဆင့်ရှိ ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များ၌ ဒီမိုကရေစီအလေ့အကျင့်များ လက်တွေ့ကျင့်သုံးနိုင်ရန် ဖွဲ့စည်းထား သည့်အဖွဲ့အစည်းကိုဆိုလိုသည်ဆိုပြီး ဦးသိန်းညွန့်က တင်ပြထားတာရှိပါတယ်။ ဦးသိန်းညွန့်ရဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်များ မတ်တပ်ရပ်ပေးပါ။ ဘယ်ဘက် ဒုတိယတန်းမှာ ၇ ဦး၊ အလယ်ညာဘက် ဒုတိယတန်းမှာ ၁၁ ဦး၊ ပေါင်း ၁၈ ဦးရှိပါတယ်။ နောက် ညာဘက်အစွန်ဆုံးမှာ ၁၄၊ ဒါကြောင့်မို့လို့ ၁၄ နဲ့ ၁၈၊ ၃၂ ဦးရှိပါတယ်။ ဒါကြောင့် ဦးသိန်းညွန့်ရဲ့ အဆိုပြုမှုကို ထောက်ခံသူနည်း ပြီးတော့ ကန့်ကွက်သူများတဲ့အတွက် ဦးသိန်းညွန့် အဆိုပြုချက် အတည်မဖြစ်ကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်မှ တင်ပြဖို့ဖြစ်ပါတယ်။ စာမျက်နှာ ၇ အမှတ်စဉ် ၉။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေဖြင့် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ချက်မူကြမ်းအပေါ်မှာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက် ဇယားအပါအဝင် အခန်း(၁) ပုဒ်မ ၃ ပုဒ်မခွဲ(ဏ)မှာ ကျွန်မရဲ့ပြင်ဆင်ချက်ကတော့ သူငယ်တန်း ပညာရေးဆိုသည်မှာ ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် အသက် ၅ နှစ် ပြည့်ပြီးကလေးများ အတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့် သင့်လျော်သောနည်းလမ်းများကို အသုံးပြု။

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာ အမှတ်စဉ် (၉) က စပါ။ အမှတ်စဉ် ၉ ပုဒ်မ ၃ သင်ကြားပို့ချသူဆိုသည်မှာ။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ အခန်း(၁) ပုဒ်မ ၃ အပိုဒ်ခွဲ(ဈ) သင်ကြားပို့ချသူဆိုသည်မှာ ပညာရေးအဆင့်တစ်ခုခုတွင် သင်ကြားရေးတာဝန်ထမ်းဆောင်သော သတ်မှတ်အရည်အချင်းပြည့်စုံသည့်ပုဂ္ဂိုလ်ကိုဆိုသည်လို့ ပြည့်စုံဆိုတဲ့စကားလုံးကို ဖြည့်စွက်ထားပေးပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဒေါ်နန်းစေအွာရဲ့ ပြင်ဆင်အဆိုပြုချက်ကို ပြည်ထောင်စုဝန်ကြီးဌာနကသဘောတူပါသလားခင်ဗျား။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါသလား။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်နန်းစေအွာရဲ့အဆို။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ သင်ကြားပို့ချသူဆိုတဲ့နေရာမှာ ကျွန်မရဲ့ရှုထောင့်က ပြောပါရစေ။ ကျောင်းတွေမှာက အခု University တွေကို Autonomy လုပ်မယ်ဆိုလို့ရှိရင် ဧည့်ပါမောက္ခတွေငှားရမှာပါ။ နောက်တစ်ခု အခုခေတ်မှာ Open University ပေါ်နေတာပါ။ နောက်တစ်ခါ မီဒီယာကနေ Online ကနေ ပို့ချနေတဲ့သူတွေရှိပါတယ်။ တကယ့်တကယ်ကျတော့ သင်ယူသူများအတွက် ဘက်စုံထူးချွန်စေရန် နည်းမျိုးစုံဖြင့် သင်ကြားပေးသည့် သင်ကြားရေးတာဝန်ထမ်းဆောင်သောဆိုမှ ပြည့်စုံမယ်လို့ ယူဆပါတယ်။ ပြန်ဖတ်ပြပါမယ်။ သင်ကြားပို့ချသူဆိုသည်မှာ ပညာရေးအဆင့်တစ်ခုခုတွင် သင်ယူသူများအတွက် ဘက်စုံထူးချွန်စေရန် နည်းမျိုးစုံဖြင့် သင်ကြားပေးသည့် သင်ကြားရေးတာဝန်ထမ်းဆောင်သော အရည်အချင်းပြည့်စုံသည့် ပုဂ္ဂိုလ်ကိုဆိုလိုသည်ဆိုမှ ပြည့်စုံတယ်လို့ ယူဆပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုပညာရေးဝန်ကြီးဌာနရဲ့ သဘောထားထပ်မံဆွေးနွေးပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကတော့ စတင်ရေးဆွဲစဉ်ကပင် သေချာရေးဆွဲပြီးဖြစ်တဲ့အတွက် မူရင်းကိုပဲ သဘောကျပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ သတ်မှတ်အရည်အချင်း ပြည့်စုံသူဆိုတာ အန်တီဒေါ်တင်နွယ်ဦးပြောတဲ့ အရည်အချင်းတွေအပြင်ကို ထပ်ပြီး ထည့်လို့ရပါသေးတယ်ခင်ဗျား။ စကားလုံးအရ လုံလောက်ပြီဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သင်ကြားပို့ချသူဆိုသည်မှာ ပညာရေးအဆင့်တစ်ခုခုတွင် သင်ကြားရေးတာဝန် ထမ်းဆောင်သော သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်လို့ဖော်ပြထားတဲ့အတွက် အားလုံး အကျုံးဝင်တယ်ဆိုတဲ့သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့လို့။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ သင်ကြားရေးတာဝန်ထမ်းဆောင်တာမဟုတ်ဘူး။ Visiting Professor သင်ကြားရေးတာဝန် အော်ပြီး ထမ်းဆောင်တာမဟုတ်ဘူး။ သူနိုင်ငံခြားကနေ ခဏလာမယ်။ သင်မယ်။ ကျွန်မတို့ Law Department တွေမှာလည်း Law Officer တွေက Visiting Officer နဲ့ Visiting Professor တွေနဲ့ သွားသင်ကြတာပါပဲ။ အဲဒီဟာကိုဆိုလိုတာ။ သူက သင်ကြားရေးတာဝန်ကိုထမ်းဆောင်တာမဟုတ်ဘူး။ သူက လောလောဆယ်က ဥပဒေအရာရှိက ဥပဒေအရာရှိတာဝန်ထမ်းဆောင်တာ။ တရားသူကြီးက တရားသူကြီးတာဝန်ထမ်းဆောင်။ ထမ်းဆောင်ပြီးတော့ Law Department က ကျွန်မတို့ စီးပွားရေး တက္ကသိုလ်ထဲမှာ Part Time အရင် Visiting Professor လုပ်တာ Lecturer လုပ်တာကို ဆိုလိုတာပါ။ အဲဒီတော့ သူက သင်ကြားရေးတာဝန်ထမ်းဆောင်တာမဟုတ်ပါဘူး။ အဲဒီစကားလုံးကို ထည့်ရင်တော့ ပြည့်စုံအောင်ထည့်မှရမယ်လို့ ယူဆပါတယ်။ ကျွန်မပြောတာကို ပညာရှင်ကြီးများ အားလုံးသဘော ပေါက်မယ်လို့ ထင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လက်ထောင်တယ်။ ဥပဒေကြမ်းက။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ ဒေါ်တင်နွယ်ဦးကို အခွင့်အရေးတွေ ကျွန်တော်တို့ ပေးခဲ့ပါတယ်။ လွှတ်တော်ကနေပြီးတော့မှ ပြင်ဆင်ဖို့ ကြေညာခဲ့တယ်။ ခွင့်လည်းပေးခဲ့တယ်။ ပြင်ဆင်လိုတဲ့အချက်မှာလည်း တရားဝင်ပြင်ဆင်တာရှိပါတယ်။ ဒီတော့ ဒီလို ပြင်ဆင်တဲ့နေရာမှာ ကျွန်တော်တို့ ဥပဒေပြုရေးမှာ ဒီနေရာလေးကတော့ ဒီလိုလေးကောင်းပါတယ်။ ဟိုနေရာလေးကတော့ ဟိုလိုလေးကောင်းပါတယ်လို့ တရားဝင်တင်ထားတာမရှိဘဲနဲ့ ဆွေးနွေးနေမယ် ဆိုရင်တော့ ကျွန်တော်တို့ ဥပဒေပြုရေးအတွက် အနှောင့်အယှက်ဖြစ်ပါတယ်။ အစဉ်အလာဖြစ်မှာ လည်းဆိုးပါတယ်။ အဲဒါကြောင့် ဒေါ်တင်နွယ်ဦးရဲ့ ဆွေးနွေးချက်ကို ဥပဒေကြမ်းကော်မတီအနေနဲ့ ကန့်ကွက်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ ကျွန်မက အခုမှ ပြင်တာမဟုတ်ဘူး။ အခုလေးတင်ရတဲ့စာရွက်ကို အခုလေးတင်ပဲပြင်လိုက်တာပါ။ အစည်းအဝေးမှာ အဲဒီအကြောင်း မပါ သေးပါဘူး။ တစ်နေ့မှလုပ်တဲ့အစည်းအဝေးကို ကျွန်မက တံဆိပ်ခေါင်းဥပဒေသွားတက်တဲ့အတွက် ကြောင့် အဲဒီအစည်းအဝေးကိုလည်း နှစ်ကိုယ်ခွဲပြီး မတက်နိုင်ပါဘူး။ အဲဒါကြောင့် အခုပဲရတဲ့ စာရွက် ကို အခုပဲရေးလိုက်တာပါ။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ အဲဒီတော့ ဒေါ်တင်နွယ်ဦးက အဓိပ္ပာယ်ပြည့်စုံအောင်ရေးလိုက် တယ်လို့ပြောပါတယ်။ သင်ကြားပို့ချသူဆိုသည်မှာ သင်ကြားပို့ချသူဆိုတဲ့နေရာမှာ မည်သူမဆို သင်ကြားရေးတာဝန်ထမ်းဆောင်သော သတ်မှတ်ချက်အရည်အချင်းနှင့်ပြည့်စုံသူလို့ ဖော်ပြတဲ့အတွက် ကျွန်တော့်အနေနဲ့ပေါ့လေ။ ပညာရှင်မဟုတ်သော်လည်း ပြည့်စုံတယ်လို့ထင်ပါတယ်။ ဒါကြောင့် ဒါအထင်ပဲဖြစ်ပါတယ်။ သို့ရာတွင် လွှတ်တော်ကိုပဲ ထပ်ပြီးတော့ မေးမြန်းပါမယ်။ အခွင့်အရေးတစ်ရပ် အနေနဲ့။ ဒေါ်တင်နွယ်ဦး ထပ်မံဖြည့်စွက်တာကို လွှတ်တော်က သဘောတူတယ်၊ လက်ခံတယ်ဆိုရင် သဘောတူလက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မတ်တပ်ရပ်ပေးပါ။ တစ်ယောက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်နန်းစေအွာ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၀ ဦးတင်မောင်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က အခန်း(၁) ပုဒ်မ ၃ (ဠ) ဖြစ်ပါတယ်။ ခေါင်းစဉ်ကတော့ ကျောင်းပြင်ပ ပညာရေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ယနေ့ ပညာသင်ယူတဲ့အဆင့်မှာ မိဘရဲ့စီးပွားရေးအခြေအနေပေါ် မူတည်ပြီးတော့မှ ပထမ International School တက်ကြပါတယ်။ ဒုတိယက ILBC တက်တဲ့အဆင့်ဖြစ်ပါတယ်။ တတိယက ယနေ့ပေါ်လာတဲ့ Private School တက်တဲ့အဆင့်ဖြစ်ပါတယ်။ စတုတ္ထမှာ အစိုးရကျောင်းကို တက်ပါတယ်။ ဒီထက် နိမ့်ကျရင် ဘကကျောင်းကိုတက်ရပါတယ်။ ဒီထက်နိမ့်ကျတဲ့ စီးပွားရေးမပြေလည်ရင် ကျောင်းပြင်ပ ပညာရေးကို တက်ရပါတယ်။ ဒီထက်မှ မပြေလည်တဲ့ ကလေးတွေကျတော့ ရပ်ရွာပညာပဒေသာကို တက်ရတယ် ၇ ဆင့်ရှိပါတယ်။ ဒီနေရာမှာ ယနေ့ ကျောင်းပြင်ပပညာရေးရဲ့ အဓိကအနှစ်သာရ ကတော့ မိဘရဲ့စီးပွားရေးမပြေလည်လို့ တစ်နေ့လုပ်၊ တစ်နေ့စားသွားနေတဲ့ ကလေးတွေအတွက် ပညာရေးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီကလေးတွေများစွာရှိပါတယ်။ သူတို့ကျောင်းပြီးတဲ့အချိန်မှာ သင်ကြားပေးခြင်းဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ သတ်မှတ်ချက်အရ တစ်နှစ်မှာ ဆရာဆရာမ များကို နှစ်ကြိမ်သင်တန်းပေးပါတယ်။ အသက်အရွယ်အားဖြင့် ၉ နှစ်မှ ၁၄ နှစ်အရွယ်ကလေးများကို Level 1, Level 2 နှစ်ခုအောင်တဲ့အခါမှာ ၅ တန်းတက်ခွင့်ပြုခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီစနစ် အောင်မြင်ဖို့အတွက် အဓိကလိုအပ်ချက်ကတော့ ပြောင်းလွယ်ပြင်လွယ်တဲ့ နည်းနဲ့သုံးသလို ကျောင်းသားများ ကျောင်းတက်အောင်စည်းရုံးဖို့ဖြစ်ပါတယ်။ သူတို့ရဲ့စားဝတ်နေရေးကို စည်းရုံး ဆောင်ရွက်ပေးနိုင်မှ ကျောင်းသားများ များမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ အရင်တုန်းက ကျောင်းသား ၉၀ ကျော်ရှိပါတယ်။ ယနေ့ ကျောင်းသားများ လျော့နည်းသွားပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မူလဥပဒေကို စာသားကို ကျွန်တော်ပြင်လိုက်တာက ကျောင်းပြင်ပပညာရေး ဆိုသည်မှာ သင်ရိုးညွှန်းတမ်းများကို အခြေခံ၍ ကျောင်းပညာရေးစနစ်၏ ပြင်ပတွင် ပြောင်းလွယ် ပြင်လွယ်သော နည်းလမ်းများဖြင့် သင်ယူလိုသူများ ပညာရည်မြင့်မားလာစေရန် စည်းရုံးသင်ကြား ပေးသည့် ပညာရေးကိုဆိုသည်လို့တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦးရဲ့ ပြင်ဆင်အဆိုပြုချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနက ကန့်ကွက်ရန်ရှိပါသလား။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မူလဥပဒေကြမ်းအတိုင်း သဘောကျပါတယ်။

**ဥက္ကဋ္ဌ**။ ။ မူလဥပဒေကြမ်း၊ ဥပဒေကြမ်းကော်မတီ စိစစ်အတည်ပြုချက်ကို သဘောကျတယ်လို့ပြောပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အတည်ပြုချက်ဟာ ပိုပြီးပြည့်စုံတဲ့အတွက် ဥပဒေကြမ်းကော်မတီအနေနဲ့ ပြင်ဆင်ချက်ကို လက်ခံပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်ရဲ့ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးတင်မောင်ဦး၊ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၁ ဒေါ်နန်းစေအွာ။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေဖြင့် ပုဒ်မ ၃ (ဏ)မှာ သူငယ်တန်းပညာရေးဆိုသည်မှာ ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် အသက် ၅ နှစ်ပြည့်ပြီး ကလေးများအတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့်သင့်လျော်သော နည်းလမ်းများကိုအသုံးပြုပြီး ပြုစုပျိုးထောင်ပေးသည့် ပညာရေးကိုဆိုသည်ဆိုပြီးတော့ ကျွန်မအနေနဲ့ပိုမိုပြည့်စုံအောင် ဘက်စုံဆိုတဲ့စကားလုံးကို ပြန်ပြီးတော့ ဖြည့်စွက်ထားပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်ရှိပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြင်ဆင်ချက်ကို လက်ခံပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာရဲ့ ပြင်ဆင်ချက်အဆိုကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်နန်းစေအွာရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဥ် ၁၂၊ ဦးမန်းဂျော်နီ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးမန်းဂျော်နီ(မြောင်းမြမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၁) ပုဒ်မ ၃ ပုဒ်မခွဲ(ဗ) အခမဲ့ မသင်မနေရပညာရေးဆိုသည်မှာ နိုင်ငံတော်ကမသင်မနေရပညာရေးဟုသတ်မှတ်သည့် ပညာရေး အဆင့်ကို ကျောင်းနေအရွယ်ကလေးတိုင်း သင်ယူပြီးမြောက်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ နှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့က အပြည့်အဝထောက်ပံ့ကူညီပေးထားသည့် ပညာ ရေးကိုဆိုလိုပါသည်။ အပြည့်အဝဆိုတဲ့ စကားလုံးကို အဓိပ္ပာယ်ပိုမိုပြည့်စုံစေရန် ထပ်ဖြည့်ထားခြင်း ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်ပြခွင့်ပြုစေ လိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခဏနေပါ။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့သည် ရေးဆွဲစဥ်ကာလကတည်းက သေချာရေးဆွဲထားပြီးဖြစ်တဲ့အတွက် မူရင်းဒီမူကြမ်းကိုပဲ ကြိုက်ပါ ကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ပြင်ဆင် ချက်ဖြစ်တဲ့ အခန်း ၁၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဗ)အား ဦးမန်းဂျော်နီအပါအဝင် ဦးခိုင်မောင်ရည်တို့ကလည်း ပြင်ဆင်ချက်များပေးထားပါတယ်ခင်ဗျား။ ဦးမန်းဂျော်နီရဲ့ ပြင်ဆင်ချက်က အဆင့်ဆင့်တို့ကို အပြည့် အဝထောက်ပံ့ကူညီမှုပေးထားသည့် ပညာရေးကိုဆိုသည်ဟု ပြင်ဆင်ချက်အဆို ဖြစ်ပါတယ်ခင်ဗျား။ ဦးခိုင်မောင်ရည်က သတ်မှတ်ချက်နှင့်အညီဆိုတဲ့ ပြင်ဆင်ချက်ကိုပေးထားပါတယ်ခင်ဗျား။ နှစ်ခုလုံးကို ဝိုင်းပြီးစဥ်းစားတဲ့အချိန်မှာ အပြည့်အဝအကူအညီပေးတယ်ဆိုတာ အရမ်းကျယ်ပြန့်လွန်းပါတယ် ခင်ဗျား။ အဲ့တော့ သတ်မှတ်ချက်နှင့်အညီ အပြည့်အဝကူညီပေးတယ်ဆိုတာက သတ်မှတ်ချက်များ

အတိုင်း အပြည့်အဝပေးရမယ်ဆိုတဲ့ သဘောအတိုင်းဖြစ်တဲ့အတွက် ပြင်ဆင်ချက်မှာသတ်မှတ်ချက်နှင့် အညီ အပြည့်အဝအထောက်အပံ့ကူညီမှုပေးထားသည်ဟု ပြင်ဆင်ထားခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဒီလွှတ်တော်အစည်းအဝေးထဲ မဆောင်ရွက်မီ ဦးမန်းကျော်နီ တင်ပြသွားတဲ့ အခမဲ့မသင်မနေရပညာရေးဆိုသည်မှာ နိုင်ငံတော်က မသင်မနေရပညာရေးဟု သတ်မှတ်ထားတဲ့ ပညာရေးအဆင့်ကို ကျောင်းနေရွယ်ကလေးတိုင်း သင်ယူပြီးဖြစ်မြောက်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့က သတ်မှတ်ချက်နှင့်အညီ အပြည့်အဝထောက်ပံ့ကူညီမှု ပေးထားသည့်ပညာရေးကို ဆိုသည်ဆိုတဲ့နေရာမှာ ဥပဒေကြမ်းကော်မတီရယ်၊ သက်ဆိုင်ရာပညာရေးမြှင့်တင်မှုကော်မတီရယ်၊ သက်ဆိုင်ရာသူများနှင့် ဆွေးနွေးတုန်းကဘယ်လိုများဆုံးဖြတ်ထားခဲ့ပါသလဲ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယားမှာ တင်ပြထားတဲ့အတိုင်း အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့က သတ်မှတ်ချက်နှင့်အညီ အပြည့်အဝထောက်ပံ့ကူညီမှုပေးထားသည့်ပညာရေးကိုဆိုသည်ဟု အတည်ပြုထားတာပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းကော်မတီအပါအဝင် ပညာရေးမြှင့်တင်မှုကော်မတီကဒီဟာကို အတည်ပြုထောက်ခံထားတယ်ဆိုတာမှန်ပါသလား။ ပညာရေးမြှင့်တင်မှုကော်မတီ။

**ဦးစိုင်းသန်းနိုင်(အဖွဲ့ဝင်၊ ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။ မှန်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီနဲ့ ပညာရေးမြှင့်တင်မှုကော်မတီက သက်ဆိုင်ရာအစည်းအဝေးမှာ ဦးမန်းကျော်နီ တင်ပြတဲ့ပြင်ဆင်အဆိုပြုချက်ကို ထောက်ခံအတည်ပြုထားကြောင်း သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပြင်ဆင်ချက်နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးရာမှာ ကျွန်တော်တို့လည်းပါဝင်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး အစကနေ ပြန်ပြောရမယ်ဆိုရင် ဒီအခမဲ့မသင်မနေရ ပညာရေးဆိုသည်မှာ နိုင်ငံတော်က မသင်မနေရပညာရေးဟု သတ်မှတ်သည့် ပညာရေးအဆင့်ကို ကျောင်းနေအရွယ်ကလေးတိုင်းဆိုတဲ့ကြားထဲမှာ ကျောင်းနေအရွယ်ကလေးတိုင်းအခမဲ့ သင်ယူပြီးမြောက်၊ အခမဲ့ဆိုတဲ့စာလုံးကို ကျွန်တော်တို့ ထည့်ထားခဲ့ပါတယ်။ ဒီနေရာမှာပါမလာပါဘူး။ နောက်တစ်ခါအခမဲ့၊ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက ဟုတ်ပါတယ်ဒါလေးထည့်လိုက်တာ ကောင်းပါတယ်ဆိုပြီး အဲ့ဒါ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်

ကိုလည်းစာနဲ့ရေးပြီး တင်ပေးထားခဲ့ပါတယ်။ အဲ့ဒီတော့ ဒီဘက်ကို လာတဲ့အခါမှာ အဲ့ဒီ အခမဲ့ဆိုတဲ့ စကားလုံးထည့်တဲ့အပြင် နောက်တစ်ခါ သတ်မှတ်ချက်နဲ့အညီဆိုတဲ့ စာလုံးကိုလည်း ကျွန်တော်ထည့်ပေးခဲ့ပါတယ်။ သတ်မှတ်ချက်နဲ့အညီဆိုတဲ့စကားလုံးတော့ ဒီမှာပါလာပါတယ်။ နောက် ပြင်ဆင်တဲ့သူ နာမည်ကျွန်တော့်နာမည်ကတော့ ပါမလာခဲ့ပါဘူး။ အဲ့ဒီတော့ ကျွန်တော့်အနေနဲ့ဒါလေးကို ဖြည့်စွက်ပြောတာဖြစ်ပါတယ်။ အဲ့ဒီတော့ အခမဲ့သင်ယူပြီးမြောက် ဆိုတဲ့အခမဲ့ဆိုတဲ့ စကားလုံးလေးတစ်လုံးပါပါတယ်။ ဘာကြောင့်လည်းဆိုတော့ အခမဲ့ပညာရေး မသင်မနေရပညာရေးဖြစ်တဲ့အတွက် မသင်မနေရကိုတော့ ဖော်ညွှန်းထားပြီး အခမဲ့ကိုတော့ ကျန်ရစ်ခဲ့တဲ့အတွက် ကျောင်းနေအရွယ် ကလေးတိုင်း အခမဲ့သင်ယူပြီးမြောက်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဥပဒေကြမ်းကော်မတီ ပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာအခမဲ့ မသင်မနေရပညာရေးဆိုပြီးတော့ နိုင်ငံတော်ကမသင်မနေရ ပညာရေးဟု သတ်မှတ်ထားတဲ့ အဲ့ဒီ Wording နှစ်ခုဟာ အဓိပ္ပါယ်ချင်းမတူဘူးခင်ဗျား။ နိုင်ငံတော်ကနေ မသင်မနေရပညာရေးလို့ သတ်မှတ်ထားတဲ့ အတန်းတွေကို အခမဲ့သင်နိုင်ဖို့ဖော်ညွှန်းထားတာဖြစ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် ဦးမန်းဂျော်နီရဲ့ ပြင်ဆင်ချက်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန် သီးခြားမရှိတဲ့အတွက် ဦးမန်းဂျော်နီ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၃ ဦးကျော်မင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်လွှတ်တော်ကို တင်ပြအဆိုပြုမည့် ဥပဒေကတော့ ကျွန်တော်တို့ အမှတ်စဉ် ၁၃၊ အခန်း ၁ ပုဒ်မ ၃ အောက်မှာရှိတဲ့ ပုဒ်မခွဲ (ဖ)ကို ကျွန်တော် ပယ်ဖျက်ဖို့ကို ကျွန်တော်အဆိုတင်သွင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ကျွန်တော်တို့ ရပ်ရွာပညာပဒေသာဌာနဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာပါပါတယ်။ အဲ့ဒီ အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ ကျွန်တော်တို့ အခန်း(၁)ပုဒ်မ ၃(ဍ)မှာအဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်တဲ့ (ဍ) မှာ ဖော်ပြထားတဲ့ ကျောင်းပြင်ပ ပညာရေးအဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာ ပါသွားလို့ဖြစ်ပါတယ်။ ရပ်ရွာပညာပဒေသာဌာနဆိုတဲ့

ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ ကျောင်းပြင်ပပညာရေးနည်းလမ်းများစွာထဲက တစ်ခုဖြစ်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေရေးဆွဲတဲ့နေရာမှာ ကျွန်တော်တို့ ကျစ်လျစ်စေရေးကိုလည်းရည်ရွယ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျောင်းပြင်ပပညာရေး နည်းလမ်းများထဲကတစ်ခုဖြစ်တဲ့ ကျွန်တော်တို့ ရပ်ရွာပဒေသာဌာနဆိုတာ ကျောင်းပြင်ပပညာရေး ထဲမှာပါတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်ဒီအပိုဒ်ကို ကျွန်တော်ပယ်ဖျက်ဖို့ အဆိုတင်ပါတယ်။ ဒီအပိုဒ် ဟာဆိုလို့ရှိရင်တော့ အင်မတန်လည်းကောင်းပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ ဒီနေရာမှာ ဒီအမျိုးသားပညာရေးဥပဒေမှာမဖော်ပြဘဲနဲ့ ကျွန်တော်တို့ ကျောင်းပြင်ပပညာရေး နည်းလမ်းများ ထဲက တစ်ခုဖြစ်တဲ့ နောက်ပိုင်းဥပဒေများမှာလည်းပဲ ကျွန်တော်တို့ ထည့်သွင်းလို့ရပါတယ်။ နည်းဥပဒေမှာလည်း ထည့်သွင်းမယ်ဆိုရင် ပြည့်စုံပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီအခန်း (၁) ပုဒ်မ ၃ ပုဒ်မခွဲ(ဖ) ရပ်ရွာပညာပဒေသာဌာနဆိုတဲ့အပိုဒ်ကို ကျွန်တော် ပယ်ဖျက်ဖို့လွှတ်တော်ကို ကျွန်တော်လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော့်ရဲ့ အတည်ပြုချက်ကို လွှတ်တော်က အတည်ပြု ပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီရပ်ရွာပညာပဒေသာဌာနကို ကျွန်တော်တို့ မူလဒီ ဥပဒေမူကြမ်းမှာထည့်သွင်းစဉ်းစားတဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရွာပေါင်း ၆၄၀၀၀ ကျော်ရှိပါတယ်။ အဲ့ဒီ ၆၄၀၀၀ ကျော်အနက်မှ ကျွန်တော်တို့ မူလတန်းကျောင်းပေါင်းဟာ ၄၀၀၀၀ကျော်ပဲ ကျွန်တော်တို့က ဖွင့်လှစ်နိုင်တဲ့အနေအထားမျိုး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ one Village မှာ one Educator ရှိရန်ရည်ရွယ်ချက်နဲ့ ရပ်ရွာပညာပဒေသာ ဌာနတွေ တည်ထောင်ဖွင့် လှစ်သွားမယ်ဆိုတဲ့ဟာတွေကို မူလဒီ Mother law ထဲမှာပါမှသာလျှင် နည်းဥပဒေ အကောင် အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ ကျွန်တော်တို့ ဆွေးနွေးပြီးတော့ ထည့်သွင်းထားခြင်းဖြစ်ပါ ကြောင်းကို တင်ပြအပ်ပါတယ်။ တချို့နေရာမှာဆိုရင်လည်း ကျွန်တော်တို့ ဒါအလယ်တန်းအဆင့် အောင်ရင် အထက်တန်းအဆင့်တက်ရောက်ရမယ်။ မူလတန်းအဆင့်ရောက်ရင် အလယ်တန်းအဆင့် တက်ရောက်ရမယ်ဆိုတာဟာလည်း အားလုံးသိပြီးသားကိစ္စတွေဖြစ်ပေမယ့် ဒီမှာထည့်သွင်းထားတယ် ဆိုရင်ဖြင့် ရပ်ရွာပဒေသာဌာနက Definition အရတော့ ကျွန်တော်တို့ကတစ်ကြိမ်ပဲ သုံးတယ်ဆို ရင်တော့ ဥပဒေအရဆိုရင်တော့ ထပ်ပြီးတော့ဖွင့်စရာမလိုတော့ပေမယ့် နှစ်ကြိမ်၊ သုံးကြိမ် သုံးမယ်

ဆိုရင်တော့ ဥပဒေအဓိပ္ပာယ်ဖွင့်ဆိုချက်လိုအပ်ကြောင်းလည်း လေ့လာသိရှိရပါတယ်။ ဒီနေရာမှာတော့ ကျွန်တော်တို့ နောက်ဘက်မှာလည်း ကိုယ်စားလှယ်တော်ကြီး ဦးကျော်မင်း၊ လက်ပံတန်းကလည်း ဒါ ဆက်လက်ပြီးတင်ပြထားတာရှိပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာများမှာ အခြေခံပညာမူလတန်း အဆင့် သင်ရိုးပညာရေးနှင့်ကျောင်းပြင်ပပညာရေး ပူးတွဲတင်ပြနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကိုဆိုတဲ့ဟာမှာ ကျွန်တော်တို့ ရပ်ရွာပညာပဒေသာပင်များ တည်ထောင်ဖွင့်လှစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကိုဆိုတဲ့ဟာကို ပြင်ဆင်ပြီးတင်ပြထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ဒီဟာတွေကို ရပ်ရွာပညာပဒေသာဌာနများ တည်ထောင် ဖွင့်လှစ်ပြီးတော့ Non-Formal နဲ့ Formal နဲ့ကို ဒီဟာကိုအဆောက်အဦတွေကိုလည်း ကျွန်တော်တို့က တတ်နိုင်သလောက် ပံ့ပိုးမယ်။ အဲ့ဒီမှာ Educator တွေကိုလည်းချီးမြှင့်ငွေနဲ့ဆောင်ရွက်ပြီးတော့ ကျေးလက်နေပြည်သူများ ကျေးရွာမှာရှိတဲ့ ၆၀၀၀၀။ နောင် အားလုံးကို ဒီလျှင်လျှင်မြန်မြန်နဲ့ ထိထိရောက်ရောက် ဆောင်ရွက် သွားနိုင်ဖို့အတွက် တည်ထောင်ဖွင့်လှစ်ဆိုတဲ့စကားလုံး ထည့်သွင်းထားခြင်းဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီကရှင်းလင်းဖော်ပြပေးပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေး နည်းစနစ်တွေထဲမှာပါရှိတဲ့ ကျောင်းပြင်ပပညာရေးနဲ့ဆိုင်တဲ့ အကောင်အထည်ဖော်မယ့် လုပ်ငန်း တစ်ခုဖြစ်ပါတယ်ခင်ဗျား။ သက်ဆိုင်ရာပညာရေးမြှင့်တင်မှုကော်မတီမှ တာဝန်ရှိသူများနဲ့ဆွေးနွေးတဲ့ အချိန်မှာ ရပ်ရွာပညာပဒေသာဌာနဆိုတာ သီးခြားမဖော်ပြလည်း သက်ဆိုင်ရာလုပ်ငန်းအနေနဲ့ဆိုင်တဲ့ အချိန်ကျမှ နည်းဥပဒေများ၊ ဥပဒေများပေါ်လာတဲ့အချိန်မှာ ထည့်ရင်လည်းအဆင်ပြေတယ်။ လက်ရှိ ဥပဒေမှာ ကျောင်းပြင်ပပညာရေးကိစ္စအောက်မှာ ရပ်ရွာအခြေပြုပညာရေးဆိုတာတွေပါပြီးသား ဖြစ်တဲ့အတွက် လုံလောက်တယ်လို့ပြောတဲ့အတွက် ဦးကျော်မင်းရဲ့ ပြင်ဆင်ချက်ကို ကော်မတီအနေနဲ့ လက်ခံပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးကျော်မင်းရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက် ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးကျော်မင်း၊ လက်ပံတန်းမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၄၊ ဦးမန်းဂျော်နီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမန်းဂျော်နီ(မြောင်းမြမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဆိုတာ ၁၉၉၈ ခုနှစ် ပညာရေးဝန်ကြီးဌာနမှ ထုတ်ဝေတဲ့ ပညာရေးမြှင့်တင်မှု အစီအစဉ် ပထမအဆင့်တွင် ဖော်ပြထားချက်နဲ့ ညီညွတ်စေရန်အတွက်အခု လိုပြင်ဆင်ရခြင်းဖြစ်ပါတယ်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဆိုသည်မှာ မိဘဆရာအသင်းအား ဖြည့်ဆည်းပြီး ပညာရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍတို့တွင် အများကြည်ညိုလေးစားမှုရှိသူများ ပညာသင်ယူသူများ၏ မိဘ သို့မဟုတ် အုပ်ထိန်းသူများနှင့် သင်ကြားပို့ချသူများပါဝင်သည့် ကျောင်းပညာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းကို ဆိုလိုပါသည်။ ကျွန်တော် ဖြည့်စွက်တဲ့အပိုဒ်ကတော့ မိဘဆရာအသင်းအားဆိုတဲ့စကားလုံး ဖြည့်စွက်ရခြင်းမှာ မိဘဆရာအသင်းအား ဖြည့်ဆည်းရန်ဆိုတဲ့စကားလုံး ၁၉၉၈ ခုနှစ်ပညာရေးဝန်ကြီးဌာနမှ ထုတ်ဝေတဲ့ ပညာရေးမြှင့်တင်မှု အစီအစဉ် ပထမအဆင့်မှာ ဖော်ပြထားချက်နဲ့ ညီညွတ်စေဖို့ဖြစ်ပါတယ်။ ဒီအတွက် လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါ။

**ဥက္ကဋ္ဌ**။ ။ ဦးမန်းဂျော်နီရဲ့ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမန်းဂျော်နီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမန်းဂျော်နီ ဆက်လက်တင်ပြဖို့ဖြစ်ပါတယ်။

**ဦးမန်းဂျော်နီ(မြောင်းမြမဲဆန္ဒနယ်)**။ ။ အမှတ်စဉ် ၁၂ အခန်း (၁) ပုဒ်မ ၃ ပုဒ်မခွဲ(၄)(ဗ) I'm so sorry.

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၉။

**ဦးမန်းဂျော်နီ(မြောင်းမြမဲဆန္ဒနယ်)**။ ။ မှားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၅။

**ဦးမန်းဂျော်နီ(မြောင်းမြမဲဆန္ဒနယ်)**။ ။ အမှတ်စဉ် ၁၅ အသစ်ဖြည့်စွက်ရန်ဖြစ်ပါတယ်။ မိဘဆရာအသင်းဆိုသည်မှာ တပည့်များ၏ ပညာတတ်မြောက်ရေးနှင့် ကိုယ်နှုတ်နှလုံးကောင်းမွန်လာ

ရေးကို ပိုမိုထိရောက်အောင်မြင်စေရန် မိဘအုပ်ထိန်းသူတို့နှင့် ဆရာဆရာမတို့ အတူတကွပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့ကိုဆိုလိုပါသည်။ အဲ့ဒါကလည်းပဲ အခန်း(၈) ပုဒ်မ ၅၂ မှာ မိဘဆရာအသင်းလို့ပါထားတဲ့ အတွက်ကြောင့်မို့လို့ ဒီ Definition ကိုထပ်ထည့်ရတာပါ။ ပညာရေးဝန်ကြီးဌာနမှထုတ်ဝေတဲ့ ပညာရေးမြှင့်တင်မှုအစီအစဉ် ပထမအဆင့် ၁၉၉၀ ခုမှာလည်း ပါထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့သဘာထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမန်းကျော်နီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နည်းနည်း ကန့်ကွက်တဲ့သဘောတော့မဟုတ်ပါဘူး။ ကျွန်တော် နည်းနည်းဖြည့်စွက်ဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့ ဒီမှာဦးမန်းကျော်နီ ပြင်ဆင်ချက်ထဲမှာ မိဘဆရာအသင်းဆိုသည်မှာ တပည့်များ၏ ဆိုသည်နေရာမှာ သင်ယူသူများ၏လို့ သုံးချင်ပါတယ်။ မိဘဆရာအသင်းဆိုတာ မိဘနဲ့ ဆရာပေါင်းထားပါတယ်။ တပည့်ဆိုတာဆရာနဲ့ပဲဆိုင်ပါတယ်။ သင်ယူသူဆိုလို့ရှိရင် ဆရာရော၊ မိဘနဲ့ရောဆိုင်ပါတယ်။ နောက် ကျွန်တော်ဥပဒေမှာလည်း သင်ယူသူဆိုတာ အဓိပ္ပာယ်ဖွင့်ဆိုထားတာရှိပါတယ်။ သင်ယူသူများ၏ ပညာတတ်မြောက်ရေးဆိုတဲ့နေရာမှာ ကျွန်တော်က မိဘဆရာအသင်းဆိုသည်မှာ သင်ယူသူများ၏ ပညာရေးနှင့်ဘက်စုံဖွံ့ဖြိုးမှုကို ကိုယ်နှုတ်နှလုံး ကောင်းမွန်လာရေးထက်ကို ဘက်စုံဖွံ့ဖြိုးမှုဆိုတာလည်း ကျွန်တော်တို့ဥပဒေပါနေတယ်။ ပိုမိုအဓိပ္ပာယ် ကျယ်ဝန်းပြည့်စုံတယ်ထင်လို့ ကျွန်တော်က ကိုယ်နှုတ်နှလုံးကောင်းမွန်လာရေးအစား ဘက်စုံဖွံ့ဖြိုးမှုကို ပိုမိုထိရောက်စေရန် မိဘအုပ်ထိန်းသူတို့နှင့် ဆရာဆရာမတို့အတူတကွ ပူးပေါင်းပါဝင်ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်လို့ ကျွန်တော် ဖြည့်စွက်ပြင်ဆင်ချင်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးမြှင့်တင်မှုကော်မတီနဲ့ ဥပဒေကြမ်းကော်မတီက ယခု ဦးစိုင်းသန်းနိုင်တင်ပြတဲ့တင်ပြချက်ကို ပြန်လည်ဆွေးနွေးစေချင်တယ်။

**ဒေါက်တာမြဦး(အတွင်းရေးမှူး၊ ပညာရေးမြှင့်တင်မှုကော်မတီ)။** ။ တပည့်အစား သင်ယူသူထည့်တာကိုတော့ သဘောတူပါတယ်။ ကျန်တဲ့ဟာတော့ ဒီအတိုင်းထားရင် ပိုအဆင်ပြေပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီက ပြောရန်ရှိပါသလား။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကဲ ဒါကြောင့် ဦးမန်းဂျော်နီ၊ မြောင်းမြမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြု အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ မိဘဆရာအသင်း ဆိုသည်မှာ သင်ယူသူများ၏ ပညာတတ်မြောက်ရေးနှင့် ကိုယ်နှုတ်နှလုံး ကောင်းမွန်လာရေးကို ပိုမိုထိရောက်အောင်မြင်စေရန် မိဘအုပ်ထိန်းသူတို့နှင့် ဆရာ ဆရာမတို့အတူတကွ ပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်ဆိုတဲ့ အသစ်ဖြည့်စွက်ခြင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၁၆ ဦးဖြိုးဇေယျာသော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ပုဗ္ဗသီရိမဲဆန္ဒနယ်)။.** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်နှစ်ခု တင်သွင်းထားတာပါ။ အဲ့ဒါကတော့ စာမျက်နှာ ၉ အမှတ်စဉ် ၁၆ အခန်း(၃) ပုဒ်မ ၅ မှာရှိတဲ့(ဃ) နဲ့ (ဟ)ပါ။ (ဃ) ကတော့ ကျွန်တော် ပထမပြင်ဆင်ရန် တင်ပြထားတာကတော့ ပယ်ဖျက်ဖို့အတွက် တင်ပြထားတာပါ။ ဒါပေမယ့် ပညာရေးမြှင့်တင်မှုကော်မတီရယ်၊ ဥပဒေကြမ်းကော်မတီရယ် ဆွေးနွေးညှိနှိုင်းပြီးတဲ့အခါမှာတော့ အဲ့ဒီမှာပါဝင်တဲ့ စကားလုံး လွှမ်းမိုးမှုများဆိုတဲ့နေရာမှာ စွက်ဖက်မှုများဆိုပြီး ကျွန်တော်တို့တွေ သဘောတူညီချက်လည်း ရထားပြီးပါပြီ။ အခုနက ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အချိန်မှာလည်း လွှတ်တော်က သဘောတူပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီအချက်ကို ထပ်မံပြီး မဆွေးနွေးတော့ပါဘူးခင်ဗျား။ (ဟ) တစ်ခုကိုပဲ ကျွန်တော် ဆွေးနွေးခွင့်ပြုပါ။ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ခြင်းလို့ မူလပြဋ္ဌာန်းချက်မှာပါဝင်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ထားတာကတော့ အခမဲ့မသင်မနေရမူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ခြင်းလို့ ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ထားရတဲ့ အဓိကရည်ရွယ်ချက်ကတော့ အခမဲ့မသင်မနေရမူလတန်းပညာရေးဆိုတာ အခုလက်ရှိမှာလည်း ပြဋ္ဌာန်းနေပါတယ်။ ဒါပေမယ့် အမှန်တကယ်ပြည့်မြောက်မှုဟာ အခုအချိန်အထိ မရနိုင်သေးပါဘူး။ အဲ့ဒီအတွက်ကြောင့်မို့လို့ မတည်

နိုင်တဲ့ကတိစကားတွေကို ဥပဒေထဲမှာမပါဝင်စေချင်တဲ့အတွက်ကြောင့်မို့လို့ ဦးတည်ပြီး အကောင်အထည်ဖော်ဖို့ ဆိုတဲ့စကားရပ်ကို ကျွန်တော့်အနေနဲ့ အစားထိုးတင်ပြရတာဖြစ်ပါတယ်။ ကျွန်တော်ရဲ့ အစားထိုးတင်ပြမှုကို လက်ခံပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဦးဖြိုးဇေယျာသော်ရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဖြိုးဇေယျာသော်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက် ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၉ အမှတ်စဉ် ၁၇ အခန်း(၅) အပိုဒ် ၁၁ မှာ အခန်းခေါင်းစဉ်ကို ပညာရေးရယူနည်းလို့ မူလပြဋ္ဌာန်းချက်ကို ပညာရေးစနစ်လို့ ပြင်ဆင်ပါတယ်။ အောက်က စာသားအနေနဲ့ အပိုဒ် ၁၁ မှာ နိုင်ငံတော်သည် ပညာရေးစနစ်ကို အောက်ပါပညာရယူနည်းများကိုကျင့်သုံး၍ ယင်းတို့ကို တစ်ခုနှင့်တစ်ခု ဆက်စပ်အကောင်အထည်ဖော်ရမည်လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကျော်မင်း၊ လက်ပံတန်းမဲဆန္ဒနယ်က တင်ပြဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမယ့် ဥပဒေပုဒ်မကတော့ စာမျက်နှာနံပါတ်(၉)၊ အမှတ်စဉ် ၁၈ ပုဒ်မ ၁၅ ဖြစ်ပါတယ်။ အဲ့ဒီပုဒ်မ ၁၅ မှာ ကျွန်တော်တို့ ရပ်/ရွာပညာပဒေသာဌာနများ တည်ထောင်ဖွင့်လှစ်ဆိုတဲ့ ကျွန်တော်တို့ စကားရပ်ပါနေပါတယ်။ အဲ့ဒီဟာက ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ပယ်ဖျက်ပြီးဖြစ်တဲ့အတွက်ကြောင့်သော်လည်းကောင်း၊ သင်ရိုးသင်ပညာရေးနှင့် ကျောင်းပြင်ပပညာရေးဆိုတဲ့ စကားရပ်ထဲမှာပါနေတဲ့အတွက်ကြောင့် ရပ်ရွာပညာပဒေသာဌာနများ တည်ထောင်ဖွင့်လှစ်ဆိုတဲ့ စကားရပ်ကိုပယ်ဖျက်ပြီးတော့ ကျွန်တော်တို့ အသစ်ပြင်ဆင်ပါတယ်။ ဖြည့်စွက်ပါတယ်။ ရပ်ကွက်သို့မဟုတ် ကျေးရွာများတွင် အခြေခံပညာမူလတန်းအဆင့် သင်ရိုးသင်ပညာရေးနှင့် ကျောင်းပြင်ပပညာရေး ပူးတွဲသင်ကြားနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့က ကူညီပံ့ပိုးရမည်ဆိုတဲ့ ပြင်ဆင်အဆိုပြုချက်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရပ်/ရွာပဒေသာ ပညာဌာနများ တည်ထောင်ဖွင့်လှစ်ဆိုတဲ့ဟာက ကျွန်တော်တို့ ကျောင်းပြင်ပပညာရေးရဲ့ Method တစ်ခုပါတယ်ဆိုသော်လည်းပဲ ဒီမှာဆောင်ရွက်လိုတဲ့ရည်ရွယ်ချက်ကတော့ Formal Education နဲ့ non-Formal Education ကို ကျွန်တော်တို့ သင်ရိုးသင်ပညာရေးနဲ့ ကျောင်းပြင်ပပညာရေးကို ပူးတွဲဆောင်ရွက်လိုတဲ့ အစီအစဉ်နဲ့ ဒီ Mother Law မှာ ထည့်သွင်းထားမှသာလျှင် ကျွန်တော်တို့ တည်ထောင်ဖွင့်လှစ်ပြီးတော့ ဒီရွာပေါင်း ၆၄၀၀၀ ကျော်မှာ ကျန်ရှိနေတဲ့ ၂၀၀၀၀ ကျော်ကို ကျွန်တော်တို့ ဒီ Educator တွေ ချိုးမြှင့်ငွေနဲ့ထားနိုင်ရေးအတွက် တင်ပြထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီနဲ့ ပညာရေးမြှင့်တင်မှုကော်မတီရဲ့ သဘောထားပြောပါ။ ဦးစွာ ပညာရေးမြှင့်တင်မှုကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာမြဦး(အတွင်းရေးမှူး၊ ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောက အဓိပ္ပာယ်ဖွင့်ဆိုချက်မှာတုန်းက ပြောခဲ့သလိုပါပဲ။ အခုမူလတန်းအဆင့် သင်ရိုးသင်ပညာရေးနဲ့ ကျောင်းပြင်ပပညာရေး ပူးတွဲသင်ကြားနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုရင် ရပ်/ရွာပညာပဒေသာဌာနများအပါအဝင် ကျန်တဲ့နည်းလမ်းများနဲ့လည်း ဆောင်ရွက်နိုင်တာဖြစ်တဲ့အတွက် အခုလို မထည့်ဘဲထားခြင်းဟာ ပိုမိုပြည့်စုံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်ပြီးတော့ ရှင်းလင်းပေးပါ။ ဒါ့ကြောင့် ဦးကျော်မင်း တင်ပြချက်ကို ပညာရေးမြှင့်တင်မှုကော်မတီနဲ့ ဥပဒေကြမ်းကော်မတီက ပြောပါ။

**ဒေါက်တာမြဦး(အတွင်းရေးမှူး၊ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။ ထောက်ခံပါတယ်ခင်ဗျား။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ ပြင်ဆင်ချက်ကို ထောက်ခံပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်မင်း၊ လက်ပံတန်းရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့ ဦးကျော်မင်း၊ လက်ပံတန်းရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၉၊ စာမျက်နှာ (၁၀) ဒေါ်စုစုလွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်စုစုလွင်(သုံးခွမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မအနေနဲ့ အခန်း(၅)၊ ပုဒ်မ ၁၆ နဲ့ ပတ်သက်ပြီးတော့ တင်ပြချင်တာရှိပါတယ်။ မူလက ကျွန်မပြင်ဆင်ဖို့ အဆိုပြုထားတဲ့ကိစ္စကတော့ ဒီအခြေခံပညာနဲ့ ပတ်သက်ပြီး စာသင်နှစ်ဒါမှမဟုတ်ရင် ပညာသင်နှစ်ကို သူငယ်တန်းပြီးတဲ့နောက်ပိုင်းမှာ ၁၂ နှစ်၊ ပေါင်း ၁၃ နှစ် သင်ကြားမယ်ဆိုတဲ့ကိစ္စနှင့်ပတ်သက်ပြီး ပြင်ဆင်ချက်မပြုဘဲနဲ့ အခုလက်ရှိအတိုင်း သူငယ်တန်းပြီးတဲ့နောက် ၁၀ နှစ်၊ ပေါင်း ၁၁ နှစ် ပညာသင်နှစ်အတိုင်းပဲထားရှိဖို့ ကျွန်မအဆိုပြုခဲ့ပါတယ်။ ဒါပေမယ့် ဥပဒေကြမ်းကော်မတီနဲ့ ပြန်လည်ပြီးတော့ ကျွန်မတို့ ညှိနှိုင်းဆွေးနွေးပြီးတဲ့အခါမှာ အခုဖော်ပြထားတဲ့ ပြင်ဆင်ချက်အတိုင်း ကျွန်မသဘောတူခဲ့ပါတယ်။ အဲ့ဒါကတော့ အခြေခံပညာရေးကို အောက်ပါအတိုင်း အဆင့်သုံးဆင့်ခွဲခြားထားပြီး သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ် စုစုပေါင်းကာလမှာ ၁၂ နှစ်ကိုဦးတည်၍ ဆောင်ရွက်ရန်ဖြစ်သည်လို့ ကျွန်မ သဘောတူခဲ့ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး နည်းနည်း ကျွန်မကို ဆွေးနွေးခွင့်ပြုပါရှင်။ ကျွန်မတို့ ပညာရေးမှာဆိုလို့ရှိရင် ဒီအပြောင်းအလဲကို

လုပ်ဖို့လိုအပ်တဲ့အတွက်ကြောင့်ဆိုပြီးတော့ လက်တွေ့မကျဘဲနဲ့ အပြောင်းအလဲ လုပ်ခဲ့တဲ့ကိစ္စတွေ ကျွန်မတို့ အတိတ်မှာရှိခဲ့ပါတယ်။ အဲ့ဒီလို လုပ်ခဲ့တဲ့အချိန်တွေမှာ ကောင်းတဲ့ရည်ရွယ်ချက်၊ ကောင်းတဲ့ ဦးတည်ချက်တွေနဲ့၊ စေတနာကောင်းတွေနဲ့လုပ်ခဲ့ပေမယ့် လက်တွေ့မှာ လုပ်ငန်းအကောင်အထည် ဖော်ဖို့အတွက် အခြေခံလိုအပ်တဲ့ ပစ္စည်းပစ္စယပဲဖြစ်ဖြစ်၊ ဒီလုပ်ငန်းအတွက် လိုအပ်တဲ့နည်းပညာပဲ ဖြစ်ဖြစ် မပြည့်စုံခဲ့တဲ့အတွက်ကြောင့် ကျွန်မတို့ဟာ အဟောသိကံတွေဖြစ်ပြီးတော့ အထူးသဖြင့် လူငယ်များဟာ ကျွန်မတို့ ပြည့်ဝတဲ့ပညာရေးကိုမရခဲ့ပါဘူး။ ဒါ့ကြောင့် ဒီအတွေ့အကြုံတွေပေါ်မှာ ကျွန်မ အခြေခံပြီးပြောတဲ့ကိစ္စဖြစ်ပါတယ်။ ဒီအတွေ့အကြုံတွေအရ ကျွန်မတို့ဟာ အခုဆိုလို့ရှိရင် ပေါင်း ၁၃ နှစ်ဖြစ်နေတဲ့ ဒီအခြေခံပညာရေးကို ကျွန်မတို့ ဒီချက်ချင်း ပြဋ္ဌာန်းလိုက်မယ်ဆိုလို့ရှိရင် ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ စာရွက်ပေါ်မှာတော့ ဒီဦးတည်ချက်အရပဲဖြစ်ဖြစ်၊ ဒီလုပ်ငန်းအား ဖြင့်ပဲဖြစ်ဖြစ်၊ တူညီသလိုဖြစ်ပေမယ့် လက်တွေ့မှာကျတော့ ကျွန်မတို့ဟာ အဲ့ဒီလို အကောင်အထည် ဖော်နိုင်တဲ့အခြေအနေ၊ အနေအထားမရှိသေးတဲ့အတွက် အရည်အသွေးပြည့်ဝတဲ့ ပညာရေးကိုတော့ ရနိုင်ဦးမှာမဟုတ်ဘူးလို့ ကျွန်မအနေနဲ့ တင်ပြချင်ပါတယ်။ ဘာ့ကြောင့်လဲဆိုလို့ရှိရင် ဒီပညာရေး လုပ်ငန်းတစ်ခုကိုလုပ်တဲ့အခါမှာ ချက်ချင်းပြုန်းစားကြီးပြောင်းလိုက်တဲ့ဟာက ဘယ်တော့မှ အောင်မြင် မှုမရှိဘူးဆိုတဲ့ သာဓကတွေလည်း အများကြီးရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်မအနေနဲ့ကတော့ အခုလို ဒီ ၁၃ နှစ်သော ဒီပညာသင်နှစ်ကာလကို လုပ်မယ်ဆိုလို့ရှိရင် ဒီပညာရေးနဲ့ပတ်သက်တဲ့ ရုပ်ပိုင်း ဆိုင်ရာဖြစ်တဲ့ အဆောက်အဦတို့၊ ဒီပရိဘောဂတို့၊ သင်ထောက်ကူတွေပြည့်စုံပြီးရုံနဲ့ မပြီးသေးဘဲနဲ့ ဒီနည်းပညာပိုင်းဆိုင်တဲ့ ဆရာဆရာမတွေကလည်း တတ်သင့်တတ်ထိုက်တဲ့ ကျွမ်းကျင်မှုတွေရရှိပြီး တော့မှ ဒီသင်ကြားရေးကို အထောက်အပံ့ဖြစ်စေတဲ့၊ လုံလောက်တဲ့ သင်ယူ/သင်ကြားရေး ပတ်ဝန်း ကျင်တစ်ခုဖန်တီးနိုင်ပြီးမှ ဒီလိုလုပ်ငန်းမျိုးကို အကောင်အထည်ဖော်သင့်တယ်လို့ ကျွန်မအနေနဲ့တော့ ယူဆမိပါတယ်။ ပြီးတော့ ဒီလိုလုပ်မယ်ဆိုလို့ရှိရင် အစိုးရအတွက်လည်း တော်တော်လေးကို ပြင်ဆင်မှု တွေကို လုပ်ရပြီးတဲ့အပြင် မိဘတွေနဲ့ကလေးတွေဘက်ကလည်း အတော်ကိုဝန်ထုတ်ဝန်ပိုးတွေဖြစ်နိုင် ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီလိုအပြောင်းအလဲမျိုးကို တော်တော်လေးစဉ်းစားပြီးမှလုပ်ဖို့ ကျွန်မအနေနဲ့ တင်ပြချင်ပါတယ်။ နောက်တစ်ချက်က အများစိုးရိမ်နေတဲ့ကိစ္စဟာ ဒီအခြေခံပညာပြီးသွားပြီးတဲ့ နောက်ပိုင်းမှာ ဒီတက္ကသိုလ်အဆင့်ပညာ ဒါမှမဟုတ် အဆင့်မြင့်ပညာတွေကိုကူးပြောင်းတဲ့အခါမှာ အသက် ၁၆ နှစ်သာသာအရွယ်တွေက ဒီတက္ကသိုလ်ပညာရပ်ကိုဆည်းပူးဖို့အတွက် ပြင်ဆင်မှု အပြည့် အဝမရှိသေးဘူးလို့ တချို့ယူဆပါတယ်။ ဒါမှန်လည်းမှန်ပါတယ်။ အဲ့အတွက်ကြောင့် ဒီအခြေခံပညာမှာ

ဒီလိုအဆင့်မြှင့်တဲ့ ဒီသင်ကြားရေးအတွက်ကို အတန်း ၁၁ တန်း၊ ၁၂ တန်းစသဖြင့် ထားတဲ့လုပ်ငန်းမျိုးကိုလည်း တချို့နိုင်ငံတွေ လုပ်သလို တချို့နိုင်ငံတွေမှာ ဒီ ၁၆နှစ်ကနေ ၁၉နှစ်အတွက် ဒီ Junior College လို့ခေါ်တဲ့ တက္ကသိုလ်မျိုး ကျွန်မတို့တိုင်းပြည်မှာလည်း တစ်ချိန်တုန်းက Regional College ဆိုတဲ့ဟာမျိုးလုပ်ခဲ့ပါတယ်။ ဟိုအရင်တုန်းကဆိုလို့ရှိရင်လည်း ဥပစာတန်းလို ဒီတက္ကသိုလ်မှာအတန်းတွေရှိခဲ့ပါတယ်။ အဲ့ဒီလိုအတန်းမျိုးတွေကို ကျွန်မတို့ပြန်လည်ပြီးတော့ ဒီတက္ကသိုလ်မှာစဉ်းစားနိုင်မယ်ဆိုလို့ရှိရင်လည်းပဲ တက္ကသိုလ်ပညာရေးကို ကျွန်မတို့ ပိုပြီးတော့ အခုထက်အဆင့်မြင့်တဲ့အနေအထားတွေ ရောက်အောင်လုပ်လို့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအဓိကဆိုလိုချင်တာက အရေအတွက်အားဖြင့် စာသင်နှစ်တွေကို တိုးချဲ့မယ့်အစား အရည်အသွေးပြည့်ဝတဲ့ သင်ကြား/သင်ယူမှုလုပ်ငန်းစဉ်ဖြစ်တဲ့ သင်ကြားရေးလုပ်ငန်းမျိုးကို အရင်တည်ဆောက်နိုင်ပြီးမှ အခုလိုအပြောင်းအလဲလုပ်ဖို့သင့်ပါတယ်လို့ ကျွန်မအနေနဲ့ အကြံပြုခြင်းဖြစ်ပါတယ်။ ဒီအကြံပြုချက်နဲ့အတူ ကျွန်မအနေနဲ့ အခုပြင်ဆင်သဘောတူထားတဲ့ ၁၂ နှစ်သော ပညာသင်နှစ်ကို သူငယ်တန်းပြီးတဲ့နောက်ပိုင်း ၁၂ နှစ်သော ပညာသင်နှစ်ကို ဦးတည်ပြီးတော့ ဆောင်ရွက်မယ်ဆိုတဲ့စာသားကို ကျွန်မပြင်ဆင်ခြင်းဖြစ်ပါတယ်။ ဒီဟာကိုလည်း ဥပဒေကြမ်းကော်မတီက လက်ခံပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒါကိုလွှတ်တော်က အတည်ပြုပေးဖို့ ကျွန်မ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးရဲ့သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါ။

**ဥက္ကဋ္ဌ**။ ။ ဒေါ်စုစုလွင် ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားပညာရေးဥပဒေကြမ်း အခန်း(၈) ပုဒ်မ ၅၂ ကို ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပုဒ်မ ၅၂ မှာ မူလဥပဒေကြမ်းကော်မတီက စိစစ်အတည်ပြုထားတဲ့မူကြမ်းမှာ မိဘ သို့မဟုတ်

အုပ်ထိန်းသူသည် မိမိတို့ကလေး၏ပညာရည်မြင့်မားစေရန်နှင့် ကျောင်းပြီးဆုံးစေရန် ကျောင်း၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ကျောင်းပြီးဆုံးစေရန်ဆိုတာက အရပ်သုံး ဘန်းစကားဖြစ်ပါတယ်။ နောက်ပြီးတော့ မိဘများက ပူးပေါင်းဆောင်ရွက်ရမယ့်ဟာကလည်း ကျွန်တော်တို့ လူပုဂ္ဂိုလ်တွေသာဖြစ်သင့်ပါတယ်။ မိဘဆရာအသင်းဆိုတာလည်း အသင်းရဲ့လူပုဂ္ဂိုလ်တွေပါပြီးသားပါ။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဆိုတာလည်း လူပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းထားပါတယ်။ ကျောင်းဆိုတာကတော့ နေရာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အောက်ပါအတိုင်းပြင်ဆင်လိုပါတယ်။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်းရှိစေရန် သင်ကြားပို့ချပြီး မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်ဆိုတဲ့ ပြင်ဆင်ချက်အဆိုကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်၊ ယင်းမာပင်ရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်၊ ယင်းမာပင်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၁၊ ဒေါ်နန်းစေအွာ ဆွေးနွေးတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေဖြင့် အခန်း(၁၂) ပုဒ်မ ၆၇(က)မှာ ကျွန်မပြန်လည်ပြီးတော့ ဖြည့်စွက်ပြင်ဆင်လိုပါတယ်။ အခြေခံပညာအဆင့်ကျောင်းများ၏ စီမံခန့်ခွဲမှုနှင့်ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည်ဆိုပြီးတော့ ကျွန်မအနေနဲ့ ပြန်လည်ပြီးတော့ ပြင်ဆင်ဖြည့်စွက်ထားပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ်ကျန်ပါသေးတယ်။ စာပိုဒ်ခွဲ (ခ)။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ဆက်လက်ပြီး (ခ)မှာ အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးအတွက် ကောင်စီကဖွဲ့စည်းပေးသော ကော်မတီနှင့်သက်ဆိုင်သည့် တက္ကသိုလ်နှင့်ကောလိပ်များ၏စီမံခန့်ခွဲမှုကို သက်ဆိုင်ရာတက္ကသိုလ်များက လွတ်လပ်စွာဆောင်ရွက်ရမည်ဆိုပြီးတော့ စီမံခန့်ခွဲဆိုတဲ့စကားလုံးလေးကို ပြန်ပြီးတော့ ပယ်ဖျက်ထားပါတယ်ရှင့်။ ဒါကြောင့်မို့ ကျွန်မရဲ့ ဖြည့်စွက်ပယ်ဖျက်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များမှအတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုပညာရေးဝန်ကြီးဌာနက သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာရဲ့ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်နန်းစေအွာ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားပညာရေးဥပဒေကြမ်း အခန်း(၁၃) အပိုဒ် ၇၂ ကို ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ အပိုဒ် ၇၂ ဟာ မူလအတည်ပြုထားတဲ့၊ မူလပြဋ္ဌာန်းထားတဲ့အဆိုကတော့ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သောကျောင်းအားလုံးသည် ဤဥပဒေနှင့်အညီဖြစ်စေရန် ၅ နှစ်အတွင်းဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ တကယ်တော့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းတယ်ဆိုရင် ကျွန်တော်တို့ အငြင်းပွားဖွယ်ရာပြဋ္ဌာန်းမှုမျိုးမပြဋ္ဌာန်းရဘူးလို့ ကျွန်တော်တို့သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီ ၅ နှစ်အတွင်းဆိုတာမှာ ဘယ်အချိန်ကစပြီးတော့ ရေတွက်ရမယ်ဆိုတာမပါလာပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အခုလိုပြင်ဆင်ချက်အဆိုတင်သွင်းလိုပါတယ်ခင်ဗျား။ ပုဒ်မ ၇၂ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သောကျောင်းအားလုံးသည် ဤဥပဒေစတင်အာဏာတည်သည့်နေ့မှ ၅ နှစ်ကာလအတွင်း ဤဥပဒေနှင့်အညီဆောင်ရွက်ပြီးဖြစ်ရမည်လို့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြရန်မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန် ပြင်ဆင်ချက်အဆိုအား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်၊ ယင်းမာပင်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားပညာရေးဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့်ကိုယ်စားလှယ် ၇ ဦးတို့က ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားပညာရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တစ်ခု စာမျက်နှာနံပါတ် ၉ ဦးဖြိုးဇေယျာသော်၊ ပုဗ္ဗသီရိတင်သွင်းသွားတဲ့ အခန်း(၃) ပုဒ်မ ၅ မှာ ပထမဝေသွားတဲ့ ဥပဒေကြမ်းကော်မတီရဲ့ စာမျက်နှာ နံပါတ်(၄) အဲ့ဒီနှစ်ခုမှာ ဥပဒေကြမ်းကော်မတီက ပုဒ်မ ၅ ပုဒ်မခွဲ(ည)ကို အတည်ပြုခဲ့ပြီးတော့ ဦးဖြိုးဇေယျာသော်ကလည်း ပုဒ်မ ၅ ပုဒ်မခွဲ(ည)ကိုပဲ ထပ်မံအတည်ပြုတဲ့အတွက် ဥပဒေကြမ်းကော်မတီက ပထမအတည်ပြုခဲ့တာကို ပြန်လည်ရုပ်သိမ်းရပါမယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ ပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ပါတယ်ခင်ဗျား။ လက်ခံပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်ပြောပေးပါ။ ဥပဒေကြမ်းကော်မတီက။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဦးဖြိုးဇေယျာသော် ပြင်ဆင်ချက်တင်သွင်းတဲ့ အခန်း(၃) ပုဒ်မ ၅ ပုဒ်မခွဲ(ည) ပြင်ဆင်ချက်ကို ကျွန်တော်တို့ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံတဲ့အတွက် အရှေ့မှာဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်တင်သွင်းထားတဲ့အပိုဒ်ကို ဦးဖြိုးဇေယျာသော်ရဲ့ပြင်ဆင်ချက်နှင့်အညီ လိုက်ပါပြင်ဆင်ပြောင်းလဲရမှာ ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် တစ်ခါတည်းပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဦးဖြိုးဇေယျာသော် ပြင်ဆင်ချက်တင်သွင်းတဲ့ အပိုဒ် ၅ အပိုဒ်ခွဲ(ည)ကို လက်ခံရမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ လက်ခံပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လက်ခံတဲ့အတွက် ခုနက ဥပဒေကြမ်းကော်မတီက ဘယ်ဟာကိုလိုက်ပါပြင်ရမလဲ။ တစ်ခါတည်း ဒီမှာပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အပိုဒ် ၅ ရဲ့ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်တင်သွင်းထားတဲ့ စာမျက်နှာ ၄ အခန်း(၃) အပိုဒ် ၅ ရဲ့ အပိုဒ်ခွဲ(ည)ကို ပယ်ဖျက်ရမှာဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၄ အခန်း(၃) ပုဒ်မ ၅ ပုဒ်မခွဲ(ည)ပါခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ဒီဟာကိုပယ်ဖျက်မယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ပါတယ်ခင်ဗျား။ ပယ်ဖျက်ပြီး ဦးဖြိုးဇေယျာသော်ရဲ့ ပြင်ဆင်အတည်ပြုချက်ကို လက်ခံမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဒါကိုပယ်ဖျက်ပြီးတော့ ဦးဖြိုးဇေယျာသော်က ပြန်အစားထိုးမယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် စာမျက်နှာ ၄ အပိုဒ်(ည)အား ပယ်ဖျက်ပြီး ဦးဖြိုးဇေယျာသော် ပြင်ဆင်အဆိုပြုတဲ့ စာမျက်နှာ ၉ အမှတ်စဉ် ၁၆ အပိုဒ်ခွဲ

(ည)အား ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်တွင် ဖြည့်ဆည်းသွားရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြန်လည်ဆောင်ရွက်ပါမယ်။ ယခုပြင်ဆင်ချက်များအပေါ် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားပညာရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၆း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို (၂၄- ၃- ၂၀၁၄)ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ထပ်မံကြေညာအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၆း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]